# ကောင်းကင်ကြီးကို ပိတ်



## မြန်မာပြည်အပေါ် လေယာဉ်ဆီ ပိတ်ဆို့ အရေးယူရန် ပျက်ကွက်မှုများ၏ နောက်ဆက်တွဲ ဆိုးကျိုးများ


၈ ဇန်နဝါရီ ၂၀၂၅

သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှုအဖွဲ့

# အဓိကအနှစ်ချုပ်

မြန်မာစစ်အုပ်စုသည် စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်မှစ၍ ၎င်းအား တော်လှန်ဆန့်ကျင်သော အစုအဖွဲ့များအား အမျိုးမျိုးသော နည်းဗျူဟာများကို အသုံးပြုပြီး ဖိနှိပ်လာခဲ့သည်မှာ သုံးနှစ်ကျော် ခဲ့ပြီဖြစ်သည်။ တပြိုင်နက်တည်းမှာပင် စစ်အုပ်စုသည် မြန်မာနိုင်ငံတွင် အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်အတူ နိုင်ငံ၏ဘဏ္ဍာရေး၊စီးပွားရေးနှင့်သဘာဝသယံဇာတများစသည့် ကဏ္ဍအသီးသီးမှ ရရှိလာသော ဝင်ငွေများ၊ ရငွေများအားလုံးကိုအပိုင်စီး ရယူခဲ့သည်။ စီးပွားဖြစ်အသုံးပြုရမည့် ရင်းမြစ် များကိုလည်း စစ်ရေးရည်ရွယ်ချက်သပ်သပ်အတွက် အသုံးပြုလျက်ရှိသည်။ ယင်းတွင် အဓိက ကျူးနိုပ်တို့ စိုးရိမ်ပူပန်လျက်ရှိသည့်အကြောင်းကိစ္စရပ်မှာ စစ်အုပ်စုသည် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများတွင် အသုံးပြုသည့် စစ်လေယာဉ်များအတွက် လိုအပ်သည့် လေကြောင်း လောင်စာဆီကို စီးပွားဖြစ် အရပ်ဘက်သုံး လေကြောင်းလောင်စာဆီများဖြင့် အသုံးပြုခြင်းပင် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် စီပွားဖြစ် အရပ်ဘက်သုံး လေကြောင်းလောင်စာဆီများအား စစ်ရေးအတွက် အသုံးပြု လာခြင်းဖြစ်သည်။ စစ်အုပ်စု၏ ဤလေကြောင်းတိုက်ခိုက်မှုများသည် အသက်ပေါင်း မြောက်များစွာကို ဆုံးရှုံးစေရုံသာမက ပြည်သူလူထု၏ အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများကို ဆုံးရှုံးစေခြင်း၊ ရပ်ရွာလူထုအား အိုးမဲ့အိမ်မဲ့ဖြစ်စေခြင်းနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ ပို၍ဆိုးရွားစွာ ဖြစ်ပေါ်လာစေသည်။

စစ်အုပ်စု၏ အဆိုပါလုပ်ရပ်များအားစောင့်ကြည့်သည့် နည်းဗျူဟာများ မခိုင်မာခြင်းနှင့်  လုံလောက်သော ပိတ်ဆို့အရေးယူမှုများ မရှိခြင်းသည် စီးပွားဖြစ် အရပ်ဘက်သုံး လေကြောင်းလောင်စာဆီများကို စစ်ရေးအတွက် လွှဲပြောင်း အသုံးပြုနိုင်စေရန်သာမက စစ်အုပ်စုအတွက် လေယာဉ်ဆီများ တင်သွင်းခွင့်ရရန် လမ်းဖောက် ပေးသကဲ့သို့ပါ ဖြစ်စေသည်။ ထို့ကြောင့် အမေရိကန်၊ အီးယူနှင့် အာဆီယံနိုင်ငံ အစိုးရများအနေဖြင့် မြန်မာစစ်အုပ်စု၏ လေကြောင်းလောင်စာဆီ ရရှိနေမှုအပေါ် လိုအပ်သော အရေးယူမှုများပြုလုပ်ရန်နှင့် စစ်အုပ်စုအတွက် လောင်စာဆီ ထောက်ပံ့ရေးလမ်းကြောင်း၊ သိုလှောင်ရေးလမ်းကြောင်းနှင့် ကွင်းဆက် များအားလုံးကို စောင့်ကြည့်၍ ထိရောက်သော စည်းမျဉ်းစည်းကမ်းများ၊ တင်းကြပ်မှုများနှင့် အရေးယူမှုများကို ဆောင်ရွက်နိုင်ရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ စောင့်ကြည့်စုံစမ်း စစ်ဆေးရေးဆိုင်ရာ သုတေသန အဖွဲ့များ၊ လူ့အခွင့်အရေးသမားများနှင့်အတူ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်သင့်သည်။

မြန်မာနိုင်ငံရှိ လူဦးရေအမြောက်အများသည် နိုင်ငံအနှံ့ အိုးမဲ့အိမ်မဲ့ဖြစ်နေကြရပြီး လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အခက်အခဲ အကျပ်အတည်းနှင့် ရင်ဆိုင်နေရလျက်ရှိသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက နိုင်ငံတဝှမ်းတွင် IDP ဦးရေ ၂.၇ သန်းခန့် အထိ တိုးပွားလာလျက်ရှိသည်။ သို့ဖြစ်ပါ၍ အဆင်အခြင်မဲ့သော လေကြောင်းတိုက်ခိုက်မှုများနှင့် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ အပါအဝင် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေသည့် တိုက်ခိုက်မှုများကို  တားဆီးရန်၊ အခြေခံ အဆောက်အဦများ ပျက်စီးခြင်းနှင့် ပဋိပက္ခ ဒဏ်ခံရသောဒေသများရှိ ရပ်ရွာနေပြည်သူလူထု ရရှိလျက်ရှိသည့် လူမှုဝန်ဆောင်မှုများအပေါ် ဆိုးရွားသော သက်ရောက်မှုများ ဖြစ်ပေါ်စေခြင်း စသည့်ဖြစ်ရပ်များကို ချက်ချင်း ရပ်တန့်တားဆီး နိုင်ရန်အတွက် နိုင်ငံတကာ ကုမ္ပဏီများအနေဖြင့်  မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း (MPE) နှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်  စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆက်ဆံရေးများ အားလုံးကို ချက်ချင်းရပ်တန့်ရန်လိုအပ်သည်။

# နောက်ခံအကြောင်းတရားများ

## စိတ်ပျက်အားငယ်မှုနှင့် ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်း နည်းဗျူဟာ

မြန်မာစစ်အုပ်စုသည် ပြည်သူလူထုမှ တင်မြှောက်ထားသော အရပ်သားအစိုးရအား ဖြုတ်ချပြီး အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်မှာ သုံးနှစ်ကျော်ရှိပြီဖြစ်ကာ ထိုအချိန်မှစ၍ အရပ်သားများအပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မြန်မာနိုင်ငံအနှံ့ နေ့စဉ်နှင့်အမျှ ကျူးလွန်လျက်ရှိသည်။ စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းခြင်းအား မြန်မာနိုင်ငံတဝှမ်းလုံးမှ ပြည်သူများမှ လက်မခံဘဲ နိုင်ငံအတွင်း ဒီမိုကရေစီပြန်လည်ရရှိရန်အတွက် ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြမှုများကို ပြည်သူလူထု အစုလိုက် ထိခိုက်သေဆုံးစေနိုင်သည့် အကြမ်းဖက်ဖြိုခွဲမှုများကို ၂၀၂၁ ခုနှစ် မတ်လမှ စတင်ပြုလုပ်လာခဲ့သည်။[1] မြန်မာစစ်အုပ်စုသည် ပြည်သူလူထုအား အကြမ်းဖက် နည်းလမ်းမျိုးစုံဖြင့် နည်းလမ်းကုန်သုံး၍ ဖိနှိပ်ရန်ကြိုးပမ်းခဲ့သော်လည်း ၎င်းတို့၏ အာဏာအား ကြာရှည်စွာ ချုပ်ကိုင်ထားနိုင်မှုကို ဆုံးရှုံးနေဆဲဖြစ်သဖြင့် ပြည်သူလုထု၏ ဆက်လက်ခုခံ အံတုမှုများအား နှိမ်နင်းရန်အတွက် အပြင်းထန်ဆုံးသော အနိုင်ကျင့် ဖိနှိပ်မှုဖြစ်သည့် လေကြောင်း တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။[2]

ဤလုပ်ရပ်များသည် မြန်မာစစ်အုပ်စုမှ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများ (၁၉၄၉) ကို ချိုးဖောက်နေပြီး IHL ၏ အခန်း ၂ နှင့် ၃ ပါ "အရပ်သား/အရပ်ဘက်ဆိုင်ရာ အရာဝတ္ထုများနှင့် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များအကြား ကွဲပြားခြားနားမှု" နှင့် "အဆင်အခြင်မဲ့သော တိုက်ခိုက်မှုများ" စသည့် စစ်ပွဲဆိုင်ရာ ကျင့်ဝတ်များ တို့ကို ဖော်ပြထားသည့် IHL ၏ အခန်း ၂ နှင့် ၃ တို့ကို လုံးဝလိုက်နာခြင်းမရှိကြောင်း ပေါ်လွင်စေသည်။[3]

> မြန်မာစစ်အုပ်စုသည် မြေပြင်ပေါ်ရှိ အရပ်သားများအား စစ်ရေးပစ်မှတ်များနှင့် ခွဲခြားမှုမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ နိုင်ငံတကာ အစိုးရများသည်လည်း အရပ်သားများကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်နေသော မြန်မာစစ်အုပ်စုအား လေကြောင်းလောင်စာများ ဆက်လက်ထောက်ပံ့ပေးခြင်းဖြင့် IHL အား ချိုးဖောက်လျက်ရှိသည်။


[1] Human Rights Watch. (2021, Dec 02). *Myanmar: Protesters Targeted in March Massacre*. Retrieved from: https://www.hrw.org/news/2021/12/02/myanmar-protesters-targeted-march-massacre

[2] USIP. (2024, Apr 30). *Nine Things to Know About Myanmar's Conflict Three Years On*. Retrieved from: https://www.usip.org/publications/2024/04/nine-things-know-about-myanmars-conflict-three-years

[3] ICRC. (1949). *Customary IHL*. Retrieved from: https://ihl-databases.icrc.org/en/customary-ihl/v1

## ■ တစ်နိုင်ငံလုံး လေကြောင်းတိုက်ခိုက်မှု ဖြစ်ရပ်များ
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ)

- ၀
- ၁ - ၅၀
- ၅၁ - ၁၀၀
- ၁၀၁ - ၁၅၀
- ၁၅၁ - ၂၀၀
- ၂၀၁ - ၂၅၀
- ၂၅၁ - ၃၀၀
- ၃၀၁ - ၃၅၀
- ၃၅၁ - ၄၀၀
- ၄၀၁ - ၄၅၀
- ၄၅၁ - ၅၀၀
- ၅၀၁ - ၅၅၀
- ၅၅၁ - ၆၀၀
- ၆၀၁ - ၆၅၀
- ၆၅၁ - ၇၀၀
- ၇၀၁ - ၇၅၀




**၄၀၂၂ ကြိမ်**

NLTA NYAN LYNN THIT ANALYTICA

● အချက်အလက်မှီငြမ်း - ညာဏ်လင်းသစ် သုတေသနအဖွဲ့

# လေကြောင်းတိုက်ခိုက်မှုများအား မဖြစ်မနေရပ်တန့်ရမည့် အရေးပေါ်အခြေအနေ

မြန်မာစစ်အုပ်စုမှ ၎င်းတို့အား တော်လှန်ဆန့်ကျင်နေသည့် အစုအဖွဲ့များကိုသာ ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည် ဟု၎င်းတို့ ထိန်းချုပ်ထားသည့် မီဒီယာမှတဆင့် အခိုင်အမာ ဖြန့်ဖြူးပြောဆို နေသော်လည်း စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုနှင့် လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများတွင် အရပ်သားများကို ပစ်မှတ်ထားနေကြောင်းကို သက်သေအထောက်အထားများက အခိုင်အမာပြသလျက် ရှိသည်။ မြန်မာစစ်အုပ်စုသည် ၎င်းအား ခုခံတော်လှန်မှုများကို ချေမှုန်းသည့်တစိတ်တပိုင်းအနေဖြင့် စာသင်ကျောင်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် အခြားအရပ်ဘက်ဆိုင်ရာ အခြေခံ အဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေကြောင်းကို မြောက်များစွာသော အစီရင်ခံစာနှင့် အထောက်အထား အမျိုးမျိုးမှ ထောက်ပြလျက်ရှိသည်။[4] မြန်မာစစ်အုပ်စု၏ အဆိုပါ တိုက်ခိုက်မှုများကြောင့် ပြည်သူလူထု၏အသက် အိုးအိမ်များ သေကြေပျက်စီးခြင်းသာမက တိုက်ခိုက်မှုများကြောင့် အဆက်မပြတ် ပြေးလွှားရှောင်တိမ်း ရွှေ့ပြောင်းနေရသဖြင့် ပြည်သူ့ ဝန်ဆောင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုးရွားစွာ ထိခိုက်နစ်နာစေခြင်း၊ အခြေခံ အဆောက်အအုံများ ပျက်စီးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေလျက် ရှိသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု မတိုင်မီအထိ ကျေးလက်ဒေသရှိ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မှီခိုလုပ်ကိုင် နေကြရသည်။[5] စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ချိန်မှစ၍ မြန်မာစစ်အုပ်စု၏ ရက်စက် ကြမ်းကြုတ်မှုများသည် အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံ့လယ်ယာစီးပွားရေးနှင့် လူမှုရေးဝန်ဆောင်မှုများသည် အပျက်အစီး အဆုံးအရှုံးများနှင့် ကြုံတွေ့နေရလျက်ရှိသည်။ ထို့အပြင် မြန်မာစစ်အုပ်စုသည် လေကြောင်းလောင်စာဆီ သုံးစွဲနိုင်သရွေ့ ၎င်း၏ စစ်ဘက် အရပ်ဘက် ခွဲခြားမှုမရှိဘဲ အဆင်အခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာမှ မြန်မာစစ်အုပ်စုအား ပိတ်ဆို့အရေးယူမှုများ ရှိနေသော်လည်း ၎င်းအား လေကြောင်းလောင်စာဆီ ဆက်လက် ထောက်ပံ့ပေးနေခြင်းသည် အထူးစိုးရိမ်ရသည့် ကိစ္စတရပ် ဖြစ်သည်။ တဖက်တွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ မြန်မာနိုင်ငံသို့ လေကြောင်း လောင်စာဆီများ ဆက်လက်ရောင်းချခြင်းကို တားဆီးပိတ်ပင်ပေးရန် အရေးကြီးကြောင်းကို အလေးပေး တောင်းဆိုလျက်ရှိသည်။[6] ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု စတင်ချိန်မှ စ၍ တနှစ်ထက်တနှစ် လူအသေအပျောက်များသော လေကြောင်းတိုက်ခိုက်မှုများ ပို၍ပို၍ တိုးမြင့် လာသဖြင့် မြန်မာစစ်အုပ်စုအား လေကြောင်းလောင်စာဆီများ ရောင်းချနေမှုကို တားဆီးပိတ်ပင်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် အရေးပေါ် ဦးစားပေးအခြေအနေ ဖြစ်သည်။

[4] Nyan Lynn Thit Analytica. (2024, Oct 09). *Aerial Attacks Carried Out By The Military Council (5).* Retrieved from: https://drive.google.com/file/d/1Bq3lD2e_Lrp1HK6p0pjUPG1nBe9WurmL/view; Myanmar Witness. (2024, Jan 03). *Healthcare denied: Medical facilities under attack.* Retrieved from: https://www.myanmarwitness.org/reports/healthcare-denied%3A-medical-facilities-under-attack; AP News. (2024, Jul 20). *Myanmar's civil war has seen a devastating increase in attacks on schools, researchers say.* Retrieved from: https://apnews.com/article/myanmar-school-attacks-increase-report-education-948442a05e07be006a4e79461f3551b6; Sky News. (2023, Sep 20). Myanmar military junta 'deliberately bombing medical facilities' with secret jungle hospital now being sought. Retrieved from: https://news.sky.com/story/myanmar-military-junta-deliberately-bombing-medical-facilities-with-secret-jungle-hospital-now-being-sought-12965090
[5] UN News. (2020, Nov 08). *Myanmar's farmers battle climate and health uncertainty.* Retrieved from: https://news.un.org/en/story/2020/11/1076362
Aljazeera. (2023, Feb 03). *Why Myanmar's opposition wants a ban on jet fuel.* Retrieved from: https://www.aljazeera.com/news/2023/2/3/why-myanmars-opposition-is-calling-for-a-ban-on-jet-fuel
[6] Aljazeera. (2023, Feb 03). *Why Myanmar's opposition wants a ban on jet fuel.* Retrieved from: https://www.aljazeera.com/news/2023/2/3/why-myanmars-opposition-is-calling-for-a-ban-on-jet-fuel

# နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများနှင့် လက်တွေ့လိုက်နာဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ

သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု (Blood Money Campaign) အဖွဲ့အပါအဝင် မြန်မာ့အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဒီမိုကရေစီ အင်အားစုများ၊ လူ့အခွင့်အရေးကာကွယ်သူများနှင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှ ပြုလုပ်သည့် အသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်မှုများကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ မြန်မာစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကို ကန့်သတ်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသို့ လေယာဉ် အစိတ်အပိုင်းများ အပါအဝင် လေကြောင်းလောင်စာဆီ ထောက်ပံ့မှုများကို ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်လာသည်။ [7] သို့သော်လည်း လေကြောင်းလောင်စာဆီဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှု၏ ထိရောက်မှုအခြေအနေကို စောင့်ကြည့်စစ်ဆေးရေးယန္တရားများ အားနည်းပြီး ထိရောက်သော အရေးယူဆောင်ရွက်မှုများ မလုပ်ဆောင်နိုင်ခြင်းတို့ကြောင့် မြန်မာစစ်အုပ်စုသည် လေကြောင်း လောင်စာဆီများ ဆက်လက်ရရှိသုံးစွဲနေနိုင်ဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့်အတူ နိုင်ငံ၏ ဘဏ္ဍာငွေများ၊ မြန်မာ့စီးပွားရေးနှင့် သဘာဝသယံဇာတများမှ ဝင်ငွေများကို မြန်မာစစ်အုပ်စုက အတင်းအကျပ်ရယူနိုင်ခဲ့သည်။[8] ထိုသို့ ရယူခဲ့သော နိုင်ငံ့ဘဏ္ဍာများ၊ ဝင်ငွေများကို မြန်မာစစ်အုပ်စုသည် အရပ်သားများကို ဖိနှိပ်ရန်အတွက် စစ်လက်နက်ပစ္စည်းများ ဝယ်ယူခြင်းအတွက် အသုံးပြုလျက် ရှိသည့်အပြင် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များကိုလည်း စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုလျက်ရှိသည်။[9]

ကျွန်ုပ်တို့ စုံစမ်းသည့် ကိစ္စရပ်များတွင် မြန်မာစစ်အုပ်စုမှ စီးပွားဖြစ် အရပ်ဘက်သုံး လေကြောင်းလောင်စာဆီများအား စစ်ရေးအတွက် လမ်းကြောင်းပြောင်း၍ အလွဲသုံးစား အသုံးပြုသည့် ကိစ္စရပ်မှာ အရေးကြီးဆုံးကိစ္စရပ် တစ်ခုဖြစ်သည်။ ဥပမာ မြန်မာစစ်အုပ်စုသည် စီးပွားဖြစ် အရပ်ဘက်သုံး လေယာဉ်အများစုတွင် အသုံးပြုသည့် ဂျက် A-1 လေကြောင်းလောင်စာဆီအမျိုးအစားကို စစ်လေယာဉ်အတွက်လည်း အသုံးပြုလျက်ရှိသည်။[9] ယင်းသည် မြန်မာစစ်အုပ်စုသည် ၎င်းတို့၏ စစ်ရေးရည်ရွယ်ချက်အတွက် စီးပွားဖြစ် အရပ်ဘက်သုံး လေကြောင်းလောင်စာဆီများကို လွဲပြောင်းရယူ အသုံးချလျက်ရှိကြောင်း သက်သေခံလျက်ရှိသည်။ ထို့ကြောင့် အရပ်ဘက်အသုံးပြုရန် ရည်ရွယ်ထားသော လေကြောင်းလောင်စာဆီများကို စစ်အုပ်စုမှ စစ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အလွဲသုံးစားလုပ်၍ လမ်းကြောင်းပြောင်းအသုံးပြုခြင်းကို တားဆီးရန်မဖြစ်နိုင်သည့်အတွက် မြန်မာနိုင်ငံသို့လေကြောင်းလောင်စာဆီများ တင်ပို့ခြင်းကို ကန့်သတ်တားဆီးရန်မှာ အလွန်ပင် အရေးကြီးသည်။ ၂၀၂၃ ခုနှစ်တွင် ပြည်တွင်း စီးပွားဖြစ်၊ အရပ်ဘက်လေယာဉ်များ ပျံသန်းမှုအရေအတွက်သည် သုံးပုံတစ်ပုံခန့် ကျဆင်းသွားခဲ့ပြီး စီးပွားဖြစ် လေယာဉ်ခရီးစဉ်များသည်လည်း ဈေးနှုန်းကြီးမြင့်လာပြီး အချို့သောလေကြောင်း ခရီးစဉ်များသည် လုံးဝ ပျံသန်းပြေးဆွဲခြင်း မရှိတော့ဘဲ ရပ်တန့်ထားရသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။ [10]

**နိုင်ငံတကာ အစိုးရအချို့၏ ပိတ်ဆို့အရေးယူမှုများကြားမှပင် မြန်မာစစ်အုပ်စုသည် လေကြောင်း လောင်စာများကို ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ အတွင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းတွင် ဆက်လက် ရရှိနေဆဲ ဖြစ်ကြောင်းကို Amnesty International (အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့) မှ ဖော်ပြထားသည်။ မြန်မာစစ်အုပ်စုအား လောင်စာ ထောက်ပံ့တင်သွင်းပေးသူများသည် ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားရှိ သိုလှောင်ရုံများနှင့် ဆိပ်ကမ်းများကို အသုံးပြုကာ လူအမြောက်အများအားသေစေရန် အသုံးပြုမည့်လောင်စာဆီများကို ကြားခံများ အဆင့်အဆင့် အသုံးပြုကာ ပိတ်ဆို့အရေးယူမှုများကို ရှောင်တိမ်း၍ တင်သွင်းခဲ့သည်။[11] အာဆီယံ နိုင်ငံများသည် ဤလောင်စာတင်သွင်းကွင်းဆက်တွင် တစိတ်တပိုင်းအနေဖြင့် ဆက်စပ်ပါဝင်လျက်ရှိနေစဉ် မြန်မာစစ်အုပ်စုသည် အရပ်သားများအပေါ် ဝေဟင်မှ ဗုံးကြဲတိုက်ခိုက်မှုများကို အလုံးအရင်းဖြင့် ဆက်လက် လုပ်ဆောင်လျက်ရှိသည်။**

[7] Amnesty International. (2024, Apr 04). *UN Human Rights Council: Resolution on Myanmar takes crucial stand against deadly jet fuel supply chain Responding to a decision by the United Nations Human.* Retrieved from: https://www.amnesty.org/en/latest/news/2024/04/un-human-rights-council-resolution-on-myanmar-takes-crucial-stand-against-deadly-jet-fuel-supply-chain/#:~:text=Responding%20to%20a%20decision%20by%20the%20United%20Nations%20Human%20Rights; Foreign, Commonwealth & Development Office. (2024, Oct 29). *UK, EU and Canada impose new sanctions targeting Myanmar military regime and its associates.* Retrieved from: https://www.gov.uk/government/news/uk-eu-and-canada-impose-new-sanctions-targeting-myanmar-military-regime-and-its-associates

[8] SIPRI. (2022, June). *Myanmar Budget Brief; 2022-2023 Citizen's Budget.* Retrieved from: https://www.sipri.org/national-budget-report/myanmar/2022

[9] Amnesty International. (2022, Nov 03). *Deadly cargo: The supply chain that fuels war crimes in Myanmar.* Retrieved from: https://www.amnesty.org/en/latest/research/2022/11/myanmar-the-supply-chain-fueling-war-crimes/

[10] RFA. (2023, Dec 21). *Domestic flights in Myanmar reduced as junta searches for jet fuel.* Retrieved from https://www.rfa.org/english/news/myanmar/domestic-flights-jet-fuel-12212023162043.html

[11] The Myanmar military is still receiving aviation fuels at Yangon's Thilawa Port in 2023 and following in 2024 albeit a series of sanctions from certain international governments. This includes Malaysia’s Pengerang Independent Terminals, Cai Mep Petroleum Terminal in Vietnam and Singapore’ Vopak Singapore Banyan Terminal. See more information here: https://www.amnesty.org/en/latest/news/2024/01/myanmar-new-data-suggests-military-still-importing-fuel-for-deadly-air-strikes-despite-sanctions/#:~:text=New%20evidence%20suggests%20Myanmar's%20military,anniversary%20of%20the%202021%20coup.

ထို့အပြင် ဤကဲ့သို့ ချက်ချင်း အရေးပေါ်ရပ်တန့်ရန် လိုအပ်သည့် လောင်စာများကို ဝယ်ယူရန် မြန်မာစစ်အုပ်စုသည် အခြားသော လွှဲပြောင်းသည့်နည်းလမ်းများစွာကို အသုံးပြုလျက်ရှိသည်။ မြန်မာစစ်အုပ်စု မှ ထိန်းချုပ်ထားသည့် နိုင်ငံပိုင်လုပ်ငန်းဖြစ်သည့် မြန်မာ့ရေနံဓာတု ဗေဒလုပ်ငန်း (MPE) သည် Asia Sun Group နှင့် ၎င်း၏လုပ်ငန်းခွဲများကဲ့သို့သော ပြည်တွင်းခရိုနီ လုပ်ငန်းစုများနှင့် ပူးပေါင်း၍ လေယာဉ်ဆီများ ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သိုလှောင်ခြင်းများကို ဆက်လက် လုပ်ကိုင်ခွင့် ရရှိနေသည်။[12] ဗြိတိန်ရေကြောင်းအာမခံကုမ္ပဏီများအပါအဝင် အာမခံကုမ္ပဏီငါးခုသည် မြန်မာနိုင်ငံသို့ လေကြောင်းလောင်စာဆီများ တင်ပို့ပေးခြင်းဖြင့် မြန်မာစစ်အုပ်စုအား ပံ့ပိုးပေးလျက်ရှိသည်။ [13] ထို့အပြင် တရုတ်နိုင်ငံ၏ လေကြောင်းစက်မှုလုပ်ငန်းကော်ပိုရေးရှင်း (AVIC) အပါအဝင် တရုတ်ကုမ္ပဏီများသည် မြန်မာစစ်အုပ်စုသို့ တိုက်လေယာဉ်များ၊ ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ်များနှင့် စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးလေယာဉ်များကို ဆက်လက် ထောက်ပံ့ပေးလျက်ရှိသည်။ **Justice for Myanmar** ၏ အစီရင်ခံစာအရ (**JF-17၊ Hongdu K-8၊ Harbin Y-12၊ FTC - 2000G၊ Shaanxi - Y-8၊ J-7**) စသည့် လေယာဉ်အမျိုးအစား (၅) မျိုးကို မြန်မာစစ်အုပ်စု၏ စစ်ရေးစစ်ဆင်ရေးများနှင့် အရပ်သားများအပေါ် အဆင်အခြင်မဲ့လေကြောင်းတိုက်ခိုက်မှုများ အသုံးပြုခဲ့ကြောင်းတွင် ဖော်ပြထားသည်။[14] ဤကဲ့သို့ AVIC ၏ မြန်မာစစ်အုပ်စုအား ပံ့ပိုးကူညီမှုကြောင့် ယင်းအဖွဲ့တွင်ရင်းနှီးမြှုပ်နှံသူအချို့အဖွဲ့မှ နုတ်ထွက်ခဲ့သော်လည်း စပိန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံ အစိုးရများသည် သိသာထင်ရှားစွာ ဆက်လက် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး AVIC သည် ပူးပေါင်းထားသည့် Airbus မှ တဆင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ် များကို ဆက်လက်ရရှိနေသည်။[15] ထို့ကြောင့် ဤအစီရင်ခံစာသည် ပြည်သူလူထု၏ ရပိုင်ခွင့်ဖြစ်သော မဖြစ်မနေလိုအပ်သည့် အခြေခံဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းများဆိုင်ရာ အခွင့်အရေး များအပေါ် စစ်အုပ်စု၏ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများအား ထဲထဲဝင်ဝင်စေ့စေ့စပ်စပ် နက်နဲစွာကြည့်ရှုခြင်းနှင့် မြန်မာနိုင်ငံအတွက် လေကြောင်းလောင်စာဆီ တားမြစ်ရေးကိစ္စနှင့် ပတ်သက်၍ ထိရောက်မှုမရှိသော အရေးယူဆောင်ရွက်မှုများအပေါ် ချက်ချင်း အလျင်အမြန် အရေးယူတုံ့ပြန်ဆောင်ရွက်ပေးရန် တိုက်တွန်းဖော်ပြထားသည်။

# သုတေသနနည်းလမ်းများ


ဤစာတမ်းသည် ခိုင်မာတိကျ၍ မှန်ကန်မှုရှိသော သုတေသတွေ့ရှိချက်များ ဖြစ်စေရန်အတွက် မူလဒေတာ (primary data) နှင့် ဆင့်ပွားအချက်အချက်အလက်များ (secondary data) နှစ်မျိုးလုံးကို အသုံးပြုခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများကြားတွင် လက်တွေ့နေထိုင်ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို နားလည်ရန်အတွက် အောက်ဖော်ပြပါနေရာများ (ချင်း၊ ကရင်နီ၊ စစ်ကိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)) တွင် လေကြောင်း တိုက်ခိုက်ခံခဲ့ရသော တိုက်ရိုက်အတွေ့အကြုံရှိသည့် လူပုဂ္ဂိုလ်များ (၁၁) ဦးနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ဤလေ့လာမှုတွင် မူလဒေတာ/ တွေ့ဆုံမေးမြန်းသည့် အချက်အလက်များကို အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ အခြေခံရပိုင်ခွင့်ဖြစ်သော အသက်မွေးဝမ်းကျောင်းမှုနှင့် လူမှုရေးဝန်ဆောင်မှုများ လက်လှမ်းမီမှု အပါအဝင် အခြေခံလူမှု အခွင့်အရေးများအပေါ် ချိုးဖောက်ခံရမှုများနှင့် ဆိုးကျိုးများ ဆက်တိုက် ဖြစ်ပေါ်စေသည့် လေကြောင်း တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ခိုင်မာသေချာသော အထောက်အထား များကို ပေးနိုင်မည်ဟုယုံကြည်သည်။ အမျိုးမျိုးသော အစီရင်ခံစာများ၊ ကိုးကားချက်များ၊ ဆောင်းပါးများနှင့် သတင်းများကို စုဆောင်း အသုံးပြု၍ လေကြောင်းတိုက်ခိုက်မှုများ၏ မြေပြင်ဖြစ်ရပ်မှန်များအပေါ် အပြန်အလှန် ဆန်းစစ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း များကိုလည်း ဤလေ့လာမှုတွင် ထည့်သွင်းအသုံးပြုထားသည်။ အချိန်ကာလသတ်မှတ်ချက်အားဖြင့် ဤအစီရင်ခံစာသည် စစ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ အတွင်း ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှုကို လေ့လာသုံးသပ်ထားသည်။

[12] Justice for Myanmar. (2023, Nov 3). *Myanmar military Jet Fuel Companies for Targeted Sanctions*. Retrieved from: https://www.justiceformyanmar.org/stories/myanmar-military-jet-fuel-companies-for-targeted-sanctions
[13] Burma Campaign Uk. (2023, May 23). *Five British Insurers Added to 'Dirty List' for Aviation Fuel Deliveries to Burma.* Retrieved from: https://burmacampaign.org.uk/five-british-insurers-added-to-dirty-list-for-aviation-fuel-deliveries-to-burma/
[14] Justice for Myanmar. (2024, Sep 16). *#Airbusted*. Retrieved from: #Airbusted | Justice For Myanmar
[15] Progressive Voice. (2024, Oct 13). *China's Complicity in Junta's Airstrikes*. Retrieved from: https://progressivevoicemyanmar.org/2024/10/13/chinas-complicity-in-juntas-airstrikes/

# လေကြောင်းတိုက်ခိုက်မှုများ၏ ပြင်းထန်သော သက်ရောက်မှုများ

**မြန်မာစစ်အုပ်စု အာဏာသိမ်းစဉ်မှစ၍ အရပ်သားပြည်သူများ လေကြောင်းတိုက်ခိုက်ခံရသည့် ဖြစ်ရပ် များ အရှိန်မြှင့်လာခဲ့သည်။[16]မကြာသေးမီကပင် ၂၀၂၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်း ဒေသကြီးတွင် မြန်မာစစ်အုပ်စု၏ အဆင်အခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ဝတ်ပြုကျောင်း၊ ဘာသာရေး အဆောက်အအုံအတွင်း စုဝေးနေကြသော ကလေးငယ် (၉) ဦး အပါအဝင် အရပ်သား (၁၇) ဦး သေဆုံးခဲ့သည်။ ထို့အတူ ၂၀၂၄ ခုနှစ် စက်တင်ဘာလ အစောပိုင်း ကာလများတွင် စစ်အုပ်စု၏ စစ်လေယာဉ်များသည် အတိုက်အခံများစိုးမိုးသောဒေသရှိ ကျောင်းများ၊ ဆေးရုံများနှင့် ဆေးပေးခန်းများ၊ ဈေးဆိုင်များ၊ မြို့များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏စစ်ရှောင်စခန်း (IDP) များကို ထင်ရှားစွာ ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ မြန်မာစစ်အုပ်စုသည် အရပ်သား ပြည်သူများအကြား အကြောက်တရားများ ဖြစ်ပေါ်လာစေရန် ၎င်းတို့အား ပစ်မှတ်ထား တိုက်ခိုက်နေသည့်အပြင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်၊ အသက်မွေးဝမ်းကျောင်းမှုနှင့် အခြေခံလိုအပ်ချက်များကို လေကြောင်းတိုက်ခိုက်မှုများဖြင့် ဖျက်ဆီးခြင်းဖြင့် ၎င်းတို့၏ အာဏာရှင်စနစ်ကို ပြန်လည် ခုခံတွန်းလှန်နိုင်ခြင်း မရှိစေရန် ဆောင်ရွက်နေသည်မှာ အလွန်ပင် သိသာထင်ရှားသည်။**

မြန်မာစစ်အုပ်စုမှ နိုင်ငံအဝန်းရှိ ဆေးရုံများ၊ ဆေးခန်းများနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို လေကြောင်းမှ ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကြောင့် နိုင်ငံ၏ကျန်းမာရေး စောင့်ရှောက်မှု စနစ်သည် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်နေရလျက်ရှိသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် စစ်ပွဲအတွင်း ဖမ်းဆီးထိန်းသိမ်းထားခံရသူများ (POWs) အတွက် တည်ဆောက်ထားသည့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံအား မြန်မာစစ်အုပ်စု မှ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ [17]နိုင်ငံတဝှမ်းရှိ ကျေးလက်ဒေသများတွင် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများရရှိမှုမှာ ယခင်ကတည်းကပင် အကန့်အသတ်ရှိနေပြီးဖြစ်သည့် အခြေအနေတွင် မြန်မာစစ်အုပ်စု၏ ဆေးရုံ၊ ဆေးခန်းများအပေါ် လေကြောင်းတိုက်ခိုက်မှုများကြောင့် အခြေခံ အဆောက်အအုံများ ပျက်ဆီးသွားခြင်းသည် ဆေးဘက်ဆိုင်ရာကိရိယာများနှင့် အခြားကျန်းမာရေး ဆိုင်ရာ ပစ္စည်းများ၊ အထောက်အပံ့များကို ပြတ်တောက်သွားစေသည်။ နေရပ်စွန့်ခွာ ထွက်ပြေးရသူများ (IDPs)သည် လေကြောင်းတိုက်ခိုက်မှုများ ကြောင့်သာမက ကောင်းကင်ယံတွင် တိုက်လေယာဉ်များ အဆက်မပြတ် ပျံဝဲနေခြင်းကြောင့် အချိန်မရွေး လေကြောင်းဖြင့် တိုက်ခိုက်ခံရနိုင်သည့် အခြေအနေ များကြောင့် အလွန်ဆိုးရွားသော အကျိုးဆက်များနှင့် ရင်ဆိုင်နေရသည်။ ဤအခြေအနေများကြောင့် ပြည်သူလူထုသည် သင့်တင့်ကောင်းမွန်သော ကျန်းမာရေးနှင့် ပညာရေးမရရှိနိုင်သည့် ယာယီစစ်ရှောင်များတွင် ထွက်ပြေးတိမ်းရှောင်သည့်အခြေအနေကို တွန်းပို့ပေးလျှက်ရှိသည်။။ ထို့အပြင် လေကြောင်း တိုက်ခိုက်မှုများနှင့် ကောင်းကင်တွင် တိုက်လေယာဉ်များ အဆက်အမပြတ် ပျံဝဲနေခြင်းတို့ကြောင့် စာသင်ကျောင်းများ ပုံမှန်အတိုင်း ဖွင့်လှစ်ခြင်း၊ လည်ပတ်နိုင်ခြင်း မရှိသဖြင့် ကလေးငယ်များသည် လုံခြုံသော သင်ကြားရေးပတ်ဝန်းကျင်တွင် ပညာသင်ကြားခွင့်ကို ဆုံးရှုံးနေရလျက် ရှိသည်။





[16] Human Rights Watch. (2024, Jan 30). *Myanmar: Military Abuses Against Civilians Intensify*. Retrieved from: https://www.hrw.org/news/2024/01/30/myanmar-military-abuses-against-civilians-intensify
[17] BNI. (2024, Sep 09). *Junta airstrike hits AA PoW medical centre*. Retrieved from: https://www.bnionline.net/en/news/junta-airstrike-hits-aa-pow-medical-centre

# မြေပြင်မှ အသံများ

## မြန်မာနိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုများဖြင့် နေ့စဥ်ဖြတ်သန်းနေထိုင်ခြင်း။

အောက်ဖော်ပြပါ အခန်းများတွင် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်နီပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ မြေပြင်၌ အရေးပေါ်အထောက်အပံ့များပေးခြင်း၊ စာသင်ကြားခြင်း နှင့် ဆေးကုသပေးခြင်းတို့ကဲ့သို့သော ကဏ္ဍများစွာတွင် စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးနေသူများ၊ စစ်ဘေးရှောင် ပြည်သူများနှင့် လေကြောင်းတိုက်ခိုက်မှုများမှ အသက်ရှင် ကျန်ရစ်သူများနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ကာ ယင်းမှရရှိလာသည့် အချက်အလက်များကို အခြေခံ၍ လေကြောင်းတိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသခံများနှင့် စစ်ဘေးရှောင်ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများစွာကို မီးမောင်းထိုးပြထားသည်။




စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့်အချိန်မှစ၍ လက်ရှိအချိန်အထိ နိုင်ငံတဝှမ်းတွင် အနည်းဆုံး လူဦးရေစုစုပေါင်း ၄,၀၀၄,၇၁၃ ဦးသည် ပြည်တွင်းတွင် နေရပ်စွန့်ခွာထွက်ပြေးရပြီး နေထိုင် စားသောက်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ကိစ္စရပ်များ အပါအဝင် မြောက်များလှစွာသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။[18]ထို့အပြင် ကုလသမဂ္ဂ၏ အဓိက ညွှန်းကိန်းများမှ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ တဝှမ်းတွင် စစ်ရှောင်ပြည်သူများ ဦးရေ ၂.၇ သန်းခန့် တိုးလာကြောင်း ဖော်ပြထားသည်။[19] IDP စစ်ဘေးရှောင်စခန်းများ၊ ရွာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် စစ်ရှောင်များ ယာယီခိုလှုံတတ်သည့် ဘာသာရေး အဆောက်အအုံများကိုပင် မြန်မာစစ်အုပ်စုမှ လေယာဉ်ဖြင့်ဖုံးကြဲတိုက်ခိုက်သဖြင့် စစ်ဘေးရှောင် လာသည့် ပြည်သူများသည် စားနပ်ရိက္ခာနှင့် ဈေးများသို့ လက်လှမ်းမမှီသည့် အခြေအနေများကို တွေ့ကြုံနေရသည်။ စစ်ဘေးရှောင် ပြည်သူများနှင့်အတူ ပဋိပက္ခဖြစ်ပွားရာ နယ်မြေများတွင် နေထိုင်ကြသည့် ပြည်သူများသည် စစ်အုပ်စု ၏ လေကြောင်း ဖုံးကြဲတိုက်ခိုက်မှုကြောင့် ၎င်းတို့ ချစ်ခင်ရသည့် မိသားစုဝင်များနှင့် ၎င်းတို့၏ နေအိမ်များ ဆုံးရှုံးမည်ကို စိုးရိမ်ပူပန်သည့် စိတ်ဖြင့် နေ့စဉ်နေထိုင်ရှင်သန်နေကြရသည်။


> **အခု** ဆိုရင် ကျွန်မစိတ်ဒဏ်ရာအနေနဲ့ ဘာရှိလို့လဲဆိုတော့ ကျွန်မ သွားလေရာကို ကျွန်မသားလေးကိုခေါ်သွားချင်တယ် ဘာလို့လဲဆိုတော့ ကျွန်မ သွားနေတုန်းများ ကျွန်မ ကျွန်မရှိနေတဲ့နေရာမှာ လေကြောင်းကြဲလိုက်လို့ ကျွန်မသေသွားပြီဆိုလည်း ကျွန်မသားလေးက မျက်နှာငယ်ငယ်နဲ့ လူ့လောကထဲကျန်ခဲ့မှာ ကျွန်မသွားနေတုန်း ကျွန်မသားလေးရှိတဲ့နေရာမှာ ဖွားရိုက်လွဲပါစေ ဖုံးကြဲခံရရင်လည်း ကျွန်မတစ်သက်လုံး ယူကျုံးမရ စိတ်ဒဏ်ရာတွေနဲ့ ကျန်ခဲ့မှာ အဲ့တော့ ကျွန်မအခု ဆိုက်ကိုဖြစ်နေတယ် ကျွန်မ သွားလေရာကို အင်း ကျွန်မသားလေးခေါ်သွားမှ သေရင်လည်း ငါ့အမေနှစ်ယောက်အတူတူပဲ အဲ အဲ့လိုမျိုးထိ တွေးထားတဲ့ စိတ်ဒဏ်ရာမျိုးတွေ ....



စစ်ကိုင်းမှ မိခင်တစ်ဦး

[18] ISP. (2023, Nov 28). *All Armed and on the Verge of Breakdown.* Retrieved from: https://ispmyanmar.com/ie-28/
[19] OCHA. (2024, Apr 05). *Myanmar Humanitarian Update No. 37 | 5 April 2024.* https://www.unocha.org/publications/report/myanmar/myanmar-humanitarian-update-no-37-5-april-2024; OCHA. (2024, Oct 10). *Myanmar Humanitarian Update No. 41.* https://myanmar.un.org/en/280897-myanmar-humanitarian-update-no-41

အာဏာသိမ်းကာလအလွန် သေဆုံး၊ ပျက်စီးမှု နှစ်အလိုက် အခြေပြဇယား




စစ်အာဏာရှင်စနစ်အား ခုခံတွန်းလှန်ကြသည့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများ (EROs) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) များတို့ ပူးပေါင်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု အရေအတွက်များ သိသာစွာတိုးပွားလျက်ရှိသည်။ စစ်ဘေးရှောင် ပြည်သူများသည် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် စစ်ရေးအရ လေကြောင်းမှ တိုက်ခိုက်မှုများကို ရှောင်ရှားနိုင်ရန် အတွက် အမြဲတမ်းရှောင်ရန် အသင့်အနေအထားဖြင့် နေထိုင်နေရသည့်အတွက် ခိုလှုံရန် သင့်တော်ကောင်းမွန်သော အမိုးအကာများ ရရှိနိုင်မှုမှာ ပိုမို ခက်ခဲ ဆိုးရွားလျှက်ရှိသည်။ ထို့အပြင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ စစ်ရှောင်ပြည်သူများနှင့် ဒေသခံတို့သည် အလွန်ကြီးမားသော အန္တရာယ်နှင့်အနီးဆုံး အုပ်စုအဖြစ်သို့ ရောက်ရှိကာ မြန်မာစစ်အုပ်စု၏ လူသားဒိုင်းအဖြစ် အသုံးပြုခြင်းကို မကြာခဏခံရလေ့ရှိသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်မှ ၂၀၂၂ ခုနှစ်တွင် တင်သွင်းသည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ထုတ်ပြန်ချက်တွင် မြန်မာစစ်အုပ်စု၏ အရပ်သားများအပေါ် လူသားဒိုင်းအဖြစ် အသုံးချမှုများအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကို တင်ပြထားသည်။[20] ရေရှည်စိန်ခေါ်မှုများအနေဖြင့် ပညာရေး ရပ်တန့်ခြင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပျက်စီးဆုံးရှုံးခြင်းနှင့် လူမှုစီးပွားဘဝ ပျက်ပြားစေခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးသော အခြေခံလူတန်းစားများနှင့် ခုခံနိုင်စွမ်းနည်းသူများအားခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်းများ နှင့် ဆင်းရဲမွဲတေမှုများ ပို၍တိုးလာစေသည်။ မြန်မာပြည်သူလူထု၏ လူသားလုံခြုံရေးအခြေအနေသည် ခြိမ်းခြောက်ခံ နေရပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး မှောင်ခိုကူးမှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများ အန္တရာယ်များဖြင့် တွေ့ကြုံရင်ဆိုင်နေရ လျက်ရှိသည်။[21] စစ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ စစ်ဘေးရှောင်ပြည်သူများလူကုန်ကူးခံရမှု အရေအတွက် ပို၍တိုးပွားလာကြောင်းကိုလည်း Frontier မှ ဖော်ပြထားသည်။[22]

[20] UNHRC. (2022, Mar 16). *A/HRC/49/76: Report of the Special Rapporteur on the situation of human rights in Myanmar, Thomas H. Andrews.* Retrieved from: https://www.ohchr.org/en/documents/country-reports/ahrc4976-report-special-rapporteur-situation-human-rights-myanmar-thomas
[21] UNHRC. (2024, Jul 02). *Courage amid crisis: Gendered impacts of the coup and the pursuit of gender equality in Myanmar - Special Rapporteur on the situation of human rights in Myanmar (A/HRC/56/CRP.8).* Retrieved from: https://reliefweb.int/report/myanmar/courage-amid-crisis-gendered-impacts-coup-and-pursuit-gender-equality-myanmar-special-rapporteur-situation-human-rights-myanmar-ahrc56crp8
[22] Frontier. (2023, Oct 24). *Desperate IDPs fall prey to human traffickers.* Retrieved from: https://www.frontiermyanmar.net/en/desperate-idps-fall-prey-to-human-traffickers/


ပဋိပက္ခဖြစ်ပွားရာဒေသများတွင် နေထိုင်သူများနှင့်  လက်ရှိ မြေပြင်တွင် အလုပ်လုပ်ကိုင်လျက်ရှိသော  သုတေသနတွင် ပါဝင်ဖြေဆိုသူများမှ ၎င်းတို့ ရွှေ့ပြောင်းရသည့် အဓိကအကြောင်းရင်းများထဲတွင် တိုက်ပွဲများသာမက လေကြောင်းတိုက်ခိုက်မှုများလည်း ပါဝင်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ၎င်းတို့၏နယ်မြေအတွင်း စစ်ရေးအရ လေကြောင်းတိုက်ခိုက်မှုများ၏ အဓိကပစ်မှတ်များအကြောင်း မေးမြန်းသောအခါ လေကြောင်း တိုက်ခိုက်မှုပစ်မှတ်များ၏ ၂၅ ရာခိုင်နှုန်းမှာ စာသင်ကျောင်းများ၊ ၁၉ ရာခိုင်နှုန်းမှာ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများဖြစ်ပြီး ကျန် ၁၉ ရာခိုင်နှုန်းမှာ လူစုလူဝေး၊ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ အခမ်းအနားများကို ပစ်မှတ်ထားသည်ဟု ဖြေဆိုသူများက ထောက်ပြကြသည်။ ချင်းပြည်နယ်မှ ဖြေဆိုသူတစ်ဦးက စာသင်ကျောင်းနှင့် ဆေးရုံများကို လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခြင်းသည် မြန်မာစစ်အုပ်စုမှ အရပ်သားများအပေါ် စစ်ရေးပစ်မှတ်များနှင့် ခွဲခြားမှုမရှိဘဲ  အဆင်ခြင်မဲ့သော လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကို ပို၍ပေါ်လွင်စေသည်ဟု ဖြေကြားခဲ့သည်။

"**ကျွန်မတို့** ကျေးရွာပေါင်း ၁၈၀ကျော် ရှိတယ် အဲ့ဒီထဲမှာ စာသင်ကျောင်းဆို လေကြောင်းကြောင့် ပျက်စီးတာ ၂၄လုံး ပေါ့နော် ...... နောက် ဆေးရုံ ဆိုရင် ကျမတို့ မင်းတပ်မှာ ဒီဆေးရုံဆိုရင် ရည်ရွယ်ချက်ရှိရှိ ဆေးရုံကို ပြည်သူ ကျွန်မတို့ မင်းတပ်မြို့နယ် တင်မက ပဲနဲ့ တခြား ဒီနီးစပ်တဲ့ဒေသက ပြည်သူလူထုတွေ တက်ရောက် ဆေးကုသ ခံနေတဲ့ဆေးရုံလေကြောင်းနဲ့ တိုက်ခိုက်ခံရတာ ....."




ချင်းပြည်နယ်တွင် လေကြောင်းတိုက်ခိုက်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူ စစ်ဘေးရှောင် ပြည်သူတစ်ဦး





ထို့အပြင် အဆိုပါ လေကြောင်းတိုက်ခိုက်မှုများသည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ စိတ်ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည်။ ပါဝင်ဖြေဆိုသူများအား ၎င်းတို့၏ လက်ရှိနေထိုင်ရာ နေရာနှင့် ပတ်သက်၍ လုံခြုံမှု ရှိမရှိမေးမြန်းသောအခါ ဖြေဆိုသူ (၁၀) ဦးမှ ၎င်းတို့၏ လက်ရှိနေထိုင်ရာ နေရာသည် မလုံခြုံဟု ပြတ်သားစွာ ပြန်လည်ဖြေကြားခဲ့သည်။ စစ်လေယာဉ်များမှ ဝေဟင်မှ ကြဲချလိုက်သည့် ဗုံးများနှင့် ပစ်လွှတ်သည့် အမြောက်ကြီးများသည် ၎င်းတို့၏ ခေါင်းပေါ်သို့ အချိန်မရွေး ကျရောက်နိုင်သည့် အခြေအနေရှိကြောင်း ဖြေကြားခဲ့ကြသည်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ စစ်ဘေးရှောင် ပြည်သူတစ်ဦးမှ ဝေဟင်မှ ဗုံးကြဲရန်ပျံသန်းနေသည့် စစ်လေယာဉ် အား ရှောင်တိမ်းရန် ထွက်ပြေးစဉ် ထိတ်လန့်တုန်လှုပ်နေရပြီး အသက်ဘေးလွတ်မြောက်ရန် ဆုတောင်းခဲ့ရကြောင်း ပြန်လည် မျှဝေခဲ့သည်။ ဤကဲ့သို့သော ကြောက်ရွံ့မှုသည် အိုးမဲ့အိမ်မဲ့ဖြစ်ပြီး ထွက်ပြေးတိမ်ရှောင်နေရသည့် အရပ်သားများ နေရာတိုင်းတွင် ကြုံတွေ့ရသည့် နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာအခြေအနေများဖြစ်သည်။ ထိုကဲ့သို့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် နေ့စဉ် ယှဉ်တွဲနေထိုင်ရခြင်းကြောင့် ဝမ်းနည်းပူဆွေးနှင့် ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်များကို ဆုံးရှုံးမှု များကြောင့် ပြည်သူများသည် ၎င်းတို့၏အခြေခံလိုအပ်ချက်များကို ရရှိလက်လှမ်းမှီနိုင်ရန်ပင် စိန်ခေါ်မှုများ စွာနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

> “ညဘက်အိပ်ရင်တောင် ကြောက်စိတ်နဲ့ အိပ်တယ်။ လေယာဥ်သံကြားရင် ကြောက်စိတ်တွေ စိတ်ထဲမှာ ပေါ်လာတယ်။ ငါတို့အတွက် လုံခြုံတယ်လို့ ခံစားရတာမျိုး လုံးဝမရှိပါဘူး”



ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူများအား ဆေးကုသပေးရာတွင် ဆရာဝန်များကို ကူညီပေးနေပြီး စစ်ဘေးရှောင် ရပ်ရွာလူထုအား ပညာရေးကဏ္ဍတွင် ကူညီဆောင်ရွက် ပေးလျက်ရှိသည့် စစ်ဘေးရှောင် ပြည်သူတစ်ဦး

# လေကြောင်းတိုက်ခိုက်မှုများကြောင့်

## ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ရှားပါးမှုအပေါ် သက်ရောက်မှု

မြန်မာစစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် လယ်ယာမြေ များ အမြောက်အများ ဆုံးရှုံးပျက်စီးခြင်းနှင့် မွေးမြူရေး အရင်းအမြစ်များဖြစ်သည့် ကျွဲ၊ နွား စသည့် တိရစ္ဆာန်များ ဆုံးရှုံးခြင်းများသည် ကျယ်ပြန့်စွာဖြစ်ပေါ်လျှက်သည်။ ကမ္ဘာ့ဘဏ်၏ ၂၀၂၃ ခုနှစ် စာရင်းအင်းများ အရ မြန်မာနိုင်ငံ ကျေးလက်လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၆၇.၈၉ ရာခိုင်နှုန်း ခန့်ရှိပြီး ယင်းသည် မြန်မာ့လူဦးရေစုစုပေါင်း၏ သိသာထင်ရှားများပြားသောပမာဏဖြစ်သည်။[23] ကျေးလက်နေ ပြည်သူ အများစုသည် စိုက်ပျိုးရေးကို အဓိကမှီခိုနေရသော်လည်း စစ်အုပ်စုမှ လေကြောင်းဖြင့် ဗုံးကြဲမည်ကို အဆက်မပြတ်စိုးရိမ်နေရသည့် အတွက်ကြောင့် ယာယီစစ်ရှောင်စခန်းများနှင့် တောတောင်များ/ သစ်တောများကြားတွင် ပုန်းအောင်းနေထိုင်ကြရသည်။ ဤကဲ့သို့သော အခြေအနေများသည် ဝေးလံခေါင်သီသော ဒေသများရှိ ရပ်ရွာများအတွက် စားနပ်ရိက္ခာ ထောက်ပံ့မှု ကွင်းဆက်များ ပြတ်တောက်သည့် အခက်ခဲများနှင့် ရင်ဆိုင် ကြုံတွေ့ရစေသည်။ ထို့အပြင် ဒေသခံများနှင့် တွေ့ဆုံမေးမြန်းမှုများအရ ရွာကြီးများမှ ရွာသား အနည်းဆုံး ၂၀၀-၆၀၀ နှင့် ရွာငယ်များမှ အနည်းဆုံး လူ ၄၀-၁၀၀ ခန့်သည် ၎င်းတို့ နေထိုင်ရာ ဝန်းကျင်ရှိ ဝေဟင်ပေါ်တွင် တိုက်လေယာဉ်များ ပျံဝဲနေခြင်းကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း ဖြေကြား ထားသည်။

[23] The World Bank. (2023). *Rural Population*. Retrieved from: https://data.worldbank.org/indicator/SP.RUR.TOTL.ZS?locations=MM

> “**ကျွန်မ** သွားတဲ့ နေရာ တစ်နေရာမှာတော့ အဲဒီ လယ်ယာမြေမှာ ကျတာ ပေါ့နော် ဒီလေကြောင်း တိုက်ခိုက်မှု ပေါ့နော် ပေါင်၅၀၀ ဖြစ်မယ်ထင်တယ် အဲ့တုန်းက သူတို့ လယ်ကြီး တစ်ခုလုံး အပေါက်ကြီး ဖြစ်သွားတာ ပေါ့နော်”




ချင်းပြည်နယ်တွင် လေကြောင်းတိုက်ခိုက်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူ စစ်ဘေးရှောင် ပြည်သူတစ်ဦး

ဖြေဆိုသူများ၏ အတွေ့အကြုံအရ တိုက်လေယာဉ်များသည် အနည်းဆုံး ၁၅ မိနစ်ခန့် ပျံသန်းလေ့ရှိပြီး တခါတရံတွင် တနေ့လျှင် ၂ ကြိမ်မှ ၇ ကြိမ် အထိ အကြိမ်အရေအတွက်တိုး၍ ပျံသန်းလေ့ရှိပြီး ထိုသို့ အကြိမ်ရေအတွက် များပြားလာခြင်းကြောင့် အရပ်သားများသည် မကြာခဏ နေရာရွှေ့ပြောင်း နေထိုင်နေရသည်။ ထိုသို့ထွက်ပြေးတိမ်းရှောင်ရာတွင် ယာယီစစ်ရှောင်စခန်းများတွင် တပတ်မှ သုံးလအထိ ရွှေ့ပြောင်းနေထိုင်ရတတ်သည်။ ထို့အပြင် Nyan Lynn Thit Analytica ၏ (၂၀၂၄) အစီရင်ခံစာတွင် ၂၀၂၄ ခုနှစ် ပထမလေးလအတွင်းတွင်ပင် လေကြောင်းတိုက်ခိုက်မှု ၂,၆၁၃ ကြိမ်ဖြင့် တရက်လျှင် ပျမ်းမျှ လေကြောင်းတိုက်ခိုက်မှု (၆) ကြိမ်နှုန်းဖြင့် ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားသည်။ အထက်ဖော်ပြပါ အချက်အလက်များအရ လေကြောင်းတိုက်ခိုက်မှုများနှင့် ဗုံးကြဲခြင်းများ၏ ဆိုးကျိုးသက်ရောက်မှုသည် လယ်ယာမြေနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးစေရုံသာမက လယ်ယာလုပ်ငန်းတစ်ခုလုံးနှင့် ၎င်း၏ ထောက်ပံ့ရေးကွင်းဆက်များကိုပါ ပြတ်တောက်မှု ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် စစ်လေယာဉ်များသည် ဝေဟင်မှနေ၍ မြေပြင်ရှိလူစုလူဝေးများကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သည့် အန္တရာယ်ကြောင့် ကုန်စည်သယ်ယူ ပို့ဆောင်သူများသည် မျိုးစေ့များအပါအဝင် လယ်ယာသုံးစက်ကိရိယာများ သယ်ယူရန် တွန့်ဆုတ် နေကြကြောင်း ချင်းပြည်နယ်မှ ဖြေဆိုသူတစ်ဦးက ဖြေကြားခဲ့သည်။

ထို့အပြင် မြန်မာစစ်အုပ်စုမှ ရိက္ခာဂိုဒေါင်များကို လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိကြောင်းနှင့် ရိက္ခာသိုလှောင်သည့် နေရာများကို လေကြောင်းမှ ဗုံးများဖြင့် ပစ်မှတ်ထားကာ ကြဲချတိုက်ခိုက်သဖြင့် လယ်ယာထွက်ကုန်နှင့် စိုက်ပျိုးရေး ပစ္စည်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ရသည်ဟု ဖြေဆိုသူ နှစ်ဦးမှ ဖြေကြားသည်။

> “**တောင်သူယာလုပ်** ပဲနေကြတဲ့ လူတွေဆိုတော့ အဲအခါကျတော့အလုပ်အကိုင်တွေကတော့ ပျက်တာပေါ့ ဒါ ဒီဘက်မှာဆိုရင် တောင်သူလုပ်တယ် အယ် လယ်စိုက်တယ် ယာစိုက်တယ်ပေါ့ အဲ့လိုလူတွေရဲ့ ဘဝကတော့ ဒီလိုမျိုးဟာတွေကြောင့် တချို့ဆိုလို့ရှိရင် လယ်တောင်ကောင်းကောင်းမစိုက်ရတဲ့အနေအထားတစ်ခုတွေ ရှိတယ် အဲပေါ့နော် နေ့တူဒူဝအလုပ်တွေဆိုလို့ရှိရင်လည်း အိုးပြစ်အိမ်ပြစ် အလုပ်ပြစ်ထားခဲ့ပြီးတော့အခါကျ ရှောင်ရတဲ့အတွက်ကြောင့်မို့လို့ အယ် အလုပ်တွေကတော့ စောနကပြောတဲ့ ဒီအသက်မွေးဝမ်းကြောင်းကတော့ အကုန်လုံးနီးနီး ပျက်ကြရတယ်။... အဲ ပိုဆိုးတာကတော့ လေကြောင်း strike တွေကြောင့် ပုန်းရှောင်ထွက်ပြေးရတော့အခါကျတော့ ပိုဆိုးကြတာပေါ့”



လေကြောင်းတိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သည့် ကရင်နီပြည်နယ်မှ လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု ပြုလုပ်ထားသည့် ဆရာမတစ်ဦး

ဖြေဆိုသူများသည် လေကြောင်းတိုက်ခိုက်မှုများကို လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အဓိက စိန်ခေါ်မှုများထဲမှ တခုအဖြစ် ထောက်ပြပြောဆိုခဲ့သည်။ လယ်သမားများသည် မျိုးစေ့ကြဲခြင်း၊ မြေနှင့် သီးနှံများကို မြေသြဇာကျွေးခြင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းတို့ကို ၎င်း တို့ ခေါင်းပေါ်မှ တိုက်လေယာဉ်များ အဆင်မပြတ်ဝဲနေမှုကြောင့် ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ပြည်သူများသည် လေကြောင်း အန္တရာယ်ကြောင့် ၎င်းတို့၏ လယ်ယာများကို ကြိမ်ဖန်များစွာ စွန့်ပစ်ထွက်ပြေး ရခြင်းကြောင့် အပင်နဲ့ ကောက်ပဲ သီးနှံများ ပျက်ဆီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။ ထို့အပြင် နောက်ဆက်တွဲအနေဖြင့် လယ်ယာတိရစ္ဆာန်များ၊ ကောက်ပဲသီးနှံ များနှင့် ဓာတ်မြေသြဇာများတွင် ရင်းနှီးမြှုပ်နှံထားသောတောင်သူလယ်သမားများသည်၎င်းတို့၏အရင်းအနှီးများကိုဆုံးရှုံးရသဖြင့် ၎င်းတို့၏စီးပွားရေး အခြေအနေ အပေါ် ကြီးမားသောအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ရပြန်သည်။ လေကြောင်း တိုက်ခိုက်မှုများသည် ပိုမိုဆိုးရွားလာသည့်အတွက် ရာသီပေါ်သီးနှံများကို မှီခိုနေရသော လယ်သမားများအတွက် အချိန်မှီ စိုက်ပျိုးရိတ်သိမ်းရန်မှာမဖြစ်နိုင်တော့ပေ။ ချင်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့မှ ဖြေဆိုသူ (၅) ဦးမှ လေကြောင်း တိုက်ခိုက်မှုများအပြင် ၎င်းတို့၏ ဦးခေါင်းထက်တွင် ဝေဟင်မှဂျက်တိုက်လေယာဉ်များပျံတက်နေခြင်းကြောင့်အဆက်မပြတ်ရှောင်တိမ်းနေရသည့်အတွက် ရာသီပေါ်သီးနှံများ စိုက်ပျိုးရာတွင် အတိုင်းအတာတစ်ခုအထိ အနှောင့်အယှက် ဖြစ်စေကြောင်း ဖြေကြားထားသည်။

> **မင်းတပ်** လိုဆို အရမ်းမြင်သာမယ် သူတို့က တောက်လျှောက်ကြီးကို airstrike လုပ်ခံနေရတာလေနော်၊ ပြီးတော့ ရွာကလည်း တစ်ချိန်လုံး ပြောင်းနေရတာပေါ့နော်၊ ရွာက ဆိုတာထက် ပြည်သူတွေက တစ်ချိန်လုံးပြောင်းနေရမှာကို ထိတ်ထိတ် လန့်လန့်နဲ့ ရှောင်တိမ်းနေရတာ၊ အဲ့လို အချိန်မှာ သူတို့က ရာသီအလိုက်ပဲ စိုက်ပျိုးတာလေးနော်၊ ရာသီ အလိုက် စိုက်ပျိုးမှုမှာ သူတို့ အရမ်း အဟန့်အတား ဖြစ်တယ်။



လေကြောင်းတိုက်ခိုက်မှုမှ အသက်ရှင် ကျန်ရစ်သည့် ချင်းပြည်နယ်မှ လူထုအာဏာဖီဆန်ရေးလပ်ရှားမှု ပြုလုပ်ထားသည့် ဆရာမတစ်ဦး

လယ်ယာစီးပွားရေးလုပ်ငန်းများအပြင် အလုပ်အကိုင်မရရှိမှုကလည်း ကျေးလက်နေ ပြည်သူများအတွက် စီးပွားရေး မတည်ငြိမ်မှုများကို ဆိုးရွားစွာဖြစ်ပေါ်စေပါသည်။ မြန်မာစစ်အုပ်စု၏ အရပ်သားနှင့် စစ်ရေးပစ်မှတ် ခွဲခြားဆက်ဆံမှုမရှိသည့် အဆင်ခြင်မဲ့သော လေကြောင်း တိုက်ခိုက်မှုများကြောင့် ရုံးများ၊ ဆေးရုံများနှင့် ကျောင်းများကို မကြာခဏ ပိတ်ထားရပြီး ယင်းအခြေအနေများကြောင့်ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ဆရာ၊ဆရာမများနှင့် အလားတူ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်သူများသည် ၎င်းတို့၏ဝင်ငွေများကိုဆုံးရှုံးရသည်။ ဆောက်လုပ်ရေးလုပ်သားများအပါအဝင် အလားတူ အလုပ်ကြမ်းလုပ်ကိုင်ခြင်းသည် မြန်မာနိုင်ငံ ကျေးလက် ဒေသများတွင် လုပ်ကိုင်လေ့ရှိသော ဝင်ငွေရအလုပ်များ ဖြစ်ကြသည်။[24] မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် ယခင်ကတည်းက ပြည်သူလုထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ အလွန်ရှားပါးနေပြီဖြစ်သော်လည်း မြန်မာစစ်အုပ်မှ လူစုလူဝေးကို လေကြောင်းမှ ပစ်မှတ်ထား တိုက်ခိုက်မှုများ အဆက်မပြတ် ပြုလုပ်ခြင်းကြောင့် ကျန်ရှိနေသော အလုပ်အကိုင် အခွင့်အလမ်း အနည်းငယ်မှာလည်း ခြိမ်းခြောက်မှုများနှင့် တွေ့ကြုံနေရလျက်ရှိသည်။ ထို့အပြင် ထရပ်ကား၊ ကုန်တင်ကားမောင်းသူများသည် လက်နက်ကိုင်တိုက်ပွဲများနှင့် လေကြောင်း တိုက်ခိုက်မှု များကြားတွင် အသက်အန္တရာယ်အတွက် ရန်းကန်နေရသောကြောင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် ထောက်ပံ့ရေးကွင်းဆက်များသည်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက် ရှိသည်။ ဤအခြေအနေများသည် မရှိမဖြစ်လိုအပ်သော ကုန်စည်များရရှိနိုင်မှုကို အဟန့်အတား ဖြစ်စေရုံသာမက ထရပ်ကားမောင်းသူများ၏ ဝင်ငွေရရှိမှုကိုလည်း ထိခိုက်စေသည်။ ထို့အပြင် လေကြောင်း တိုက်ခိုက်မှုကြောင့် ဈေးရောင်းချသူများသည် ဈေးမထွက်နိုင်တော့ခြင်း၊ သို့မဟုတ် မကြာခဏ နေရာရွှေ့ပြောင်း နေရခြင်းစသည့် အခက်ခဲများကြောင့် မတည်ငြိမ်မှုများနှင့် ဝင်ငွေဆုံးရှုံးရမှုများကို ကြုံတွေ့နေရသည်။

> **ကုန်ပစ္စည်း** သယ်ယူပို့ဆောင်တဲ့ ကားသမားထားပါတော့ အဲ့လိုကားဆရာတွေဆိုလည်း လေကြောင်းတွေဒီလောက် တိုက်ခိုက်နေရင် သူတို့ ကားတွေ သူတို့ ဆွဲရဲတော့မှာ မဟုတ်ဘူး အဲ့ဒါဆိုရင် သူ့ရဲ့ ဝင်ငွေဆိုတာလည်း ပျက်စီးမှာပဲ



ကရင်နီပြည်နယ်သို့ လိုအပ်သည့် အကူအညီများ ပေးအပ်ရန်အတွက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီပေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နေသူတစ်ဦး

[24] The World Bank. (2018, Sep 04). *Myanmar's Future Jobs* : Embracing Modernity : *Main Report (English)*. Retrieved from: https://documents.worldbank.org/en/publication/documents-reports/documentdetail/958621536141390299/main-report

ကောက်ပဲသီးနှံများကို ဆုံးရှုံးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း အနည်းငယ်သာရှိခြင်း သို့မဟုတ် နည်းပါးခြင်းသည် မြန်မာနိုင်ငံ ကျေးလက်နေပြည်သူများ၏ဝင်ငွေကို ထိခိုက်စေပြီး ယင်းသည် ၎င်းတို့ ၏ စားနပ်ရိက္ခာ ဖူလုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည်။ ထို့ပြင် လေကြောင်းတိုက်ခိုက်မှုအတွင်း မွေးမြူရေးတိရစ္ဆာန်များ၊ ငွေကြေးနှင့် အခြေခံကုန်စည်များကဲ့သို့သော ပိုင်ဆိုင်မှုများ ဖျက်ဆီးခံ နေရလျက်ရှိသည်။ မြန်မာစစ်အုပ်စုသည် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများတွင် “ဖြတ်လေးဖြတ်”[25] ဗျူဟာနှင့်အတူ ရက်စက်ကြမ်းကြုတ်သော လေကြောင်းတိုက်ခိုက်မှုနည်းဗျူဟာများကိုပါ ပူးတွဲ ကျင့်သုံးနေသည့် အတွက် ကုန်စည်ပို့ဆောင်ရေးနှင့် စီးဆင်းမှုလုပ်ငန်းများမှာလည်း အပျက်အစီးများနှင့် ရင်ဆိုင်နေရသည်။။ ပလက်ဝမြို့နယ်နှင့် မင်းတပ်မြို့နယ် နယ်စပ်အနီးရှိ မြို့များသို့ ကုန်စည်နှင့် စားသောက်ကုန်များ ဖြန့်ဝေပေးနေစဉ်အတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား (၆) ဦး သေဆုံးခဲ့ကြောင်း ဖြေဆိုသူတစ်ဦးက ဖြေကြားထားသည်။ ထို့ကြောင့် အရေးကြီးသော ကုန်စည်ဖြန့်ဖြူးရေးများကို ဆက်တိုက်ပစ်မှတ်ထားခြင်းသည် ကုန်စည်စီးဆင်းမှုကို ရပ်တန့်စေပြီး အခြေခံလူသုံးကုန်ပစ္စည်းများ ရရှိမှုကို အဟန့်အတားဖြစ်စေသည်။

ကုန်ဈေးနှုန်းကြီးမြင့်မှု၊ လမ်းပမ်းဆက်သွယ်ရေး ညှံ့ဖျင်းမှုနှင့် လုံခြုံရေး တင်းကျပ်သော စစ်ဆေးရေး ဂိတ်များနှင့် လူစုလူဝေးများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် အရပ်သားများကို ဈေးကွက်အတွင်း ပုံမှန် ကုန်ပစ္စည်းများ ရယူရောင်းချနိုင်ရန် အတားအဆီးဖြစ်စေပြီး ယင်းသည် များပြားလှသော ကုန်စည် စီးဆင်းမှုကွင်းဆက်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။ ထို့အပြင် စစ်အုပ်စုမှ စစ်ဘေးရှောင် IDP များအတွက် အခြေခံစားနပ်ရိက္ခာနှင့် လိုအပ်ချက်များကို သိမ်းဆည်းထားသည့် သိုလှောင်ရုံများသို့ ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း ဖြေကြားထားသည်။ အဆိုပါ လုပ်ရပ်များသည် အခြေခံစားနပ်ရိက္ခာနှင့် လူသုံးကုန် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအား ပို၍ဆိုးရွားသွားစေသည်။

> ကျွန်မတို့ ဒေသမှာ ဒီ စစ်ရှောင်တွေကို ဒီအဖွဲ့အစည်းတွေ သော် လည်းကောင်း ဒီ NGO အဖွဲ့အစည်းတွေ ကနေသော်လည်းကောင်း ဒီစစ်ရှောင်တွေကို ဆန်တို့၊ ဆီတို့ ဒီလိုမျိုးတွေ ပံ့ပိုးတာရှိတယ်ပေါ့နော်။ တချို့ အဖွဲ့အစည်းတွေ ဒါကအထိုက်အလျောက်ရှိတယ် အဲ့လိုမျိုးမှာတောင်မှ ကျွန်မတို့ ဒေသမှာ ဆိုရင်တော့ ဒီစစ်ရှောင်တွေ ကို ပံ့ပိုးနေတဲ့ ဒီ local စစ်ရှောင်ပံ့ပိုးတဲ့ အဖွဲ့အစည်းနေတဲ့ နေရာကိုလည်း စကာစကနေ ရည်ရွယ်ချက်ရှိရှိ အဲ့ဒီနေရာကိုလည်း တိုက်ရိုက်ပေါ့နော် ဒီလေကြောင်းနဲ့ ဗုံးကြဲ တိုက်ခိုက်တော့ ပျက်စီးသွားတဲ့ ဒီစစ်ရှောင်တွေကို ပံ့ပိုးဖို့ပစ္စည်းတွေကအစ **အများကြီးပျက်စီးသွားတာရှိခဲ့တယ်။**



လေကြောင်းတိုက်ခိုက်မှုမှ အသက်ရှင် ကျန်ရစ်သည့်ချင်းပြည်နယ်မှ စစ်ဘေးရှောင်တစ်ဦး

[25] UN Human Rights Office. (2023, Mar 03). *Military's 'four cuts' doctrine drives perpetual human rights crisis in Myanmar.* Retrieved from: Military's 'four cuts' doctrine drives perpetual human rights crisis in Myanmar, says UN report | OHCHR


# ပဋိပက္ခဖြစ်ပွားရာဒေသရှိ လေကြောင်းတိုက်ခိုက်မှုများကြောင့် အပျက်အစီးများ

## ပညာရေးကဏ္ဍ

ၭင်းတို့၏နယ်မြေအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းများ ပျက်စီးခြင်းရှိမရှိ မေးမြန်းရာတွင် ဖြေဆိုသူများသည် ၎င်းတို့၏ ဒေသအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းပေါင်း သုံးကျောင်းမှ နှစ်ဆယ်ကြား ပျက်စီးခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။ ထို့အပြင် Myanmar Witness ၏ ၂၀၂၄ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ ပညာရေးဆိုင်ရာ အဆောက်အဦးများကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှု ဖြစ်စဉ်ပေါင်း ၁၇၄ ခုရှိခဲ့ကြောင်း မှတ်တမ်းပြုစုထားနိုင်ခဲ့သည်။[26] မြန်မာစစ်အုပ်စုမှ စစ်ဘက်နှင့် အရပ်ဘက် ခွဲခြားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိနှင့် အဆင်အခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်သောကြောင့် အခြေခံအဆောက်အအုံများ၊ စာရေးကိရိယာများနှင့် ကျောင်းသင်ထောက်ကူပစ္စည်းများ သိသာစွာထိခိုက်ပျက်စီးရသည့်အပြင် အပြစ်မဲ့ဆရာ၊ဆရာမများနှင့် ကလေးများ၏ အသက်အိုးအိမ်စည်းစိမ် အများအပြားလည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

မြန်မာစစ်အုပ်စုမှ ကလေးသူငယ်များ ကျောင်းအတွင်းတွင်ရှိနေချိန်တွင် ၎င်းတို့၏နယ်မြေရှိ စာသင်ကျောင်းများကို အနည်းဆုံးတစ်ကြိမ် တိုက်ခိုက်ခဲ့ကြောင်း ဖြေဆိုသူအားလုံးက မှတ်ချက်ပြုခဲ့ကြသည်။ ဖြေဆိုသူများအနက် ကရင်နီပြည်နယ်မှ ဖြေဆိုသူ (၂) ဦးမှ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကလေးငယ်များ ပြင်းထန်စွာ ဒဏ်ရာရရှိသည်ကို ကိုယ်တွေ့ကြုံခဲ့ရပြီး လွန်ခဲ့သည့် နှစ်လမှ သုံးလအတွင်း သက်ဆိုင်ရာ မြို့နယ်များတွင် အနည်းဆုံး ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း ဖြေကြားခဲ့သည်။ ထို့အပြင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စစ်အုပ်စု၏ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ကလေးငယ် ၁၁ ဦး သေဆုံးခဲ့သည်။[27] ကရင်နီပြည်နယ်ရှိ စာသင်ကျောင်း တစ်ကျောင်းကို စစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ကလေးငယ် (၄) ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ချိန်တွင် ယင်းကျောင်းအတွင်း ကလေး ၁၀၀ ကျော် ကျောင်းတက်ရောက်နေခဲ့ကြောင်း UNICEF ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။[28]

> **အဲဒီနေ့က** စာသင်ကျောင်း နှစ်ကျောင်းကြဲတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် နှစ်ကျောင်းကြဲတဲ့အချိန်မှာ အဃ် တစ်ကျောင်းမှာတော့ အသေအပျောက်ရှိတယ်ပေါ့နော်။ နောက်တစ်ကျောင်းမှာတော့ မရှိဘူး။ အဲဒီ အသေအပျောက်ရှိတဲ့ကျောင်းက အဲဒီတစ်ကျောင်းထဲ သူတို့ကြဲတဲ့ တစ်ခေါက်ထဲဟာမှာကို ဖ ယောက်လားမသိဘူး သေသွားတာအကို။ ဟိုအတိအကျ ဂဏန်းကတော့ ကျမ မမှတ်မိဘူးပေါ့နော်။ မမှတ်မိဘူးဆိုတာ ဟို ထိတဲ့ရဲ့ ထိတဲ့ကလေးလား ကျသွားတဲ့ကလေးလား အဲလို ဂဏန်းတွေက ရောနေတာဆိုတော့လေ။ အမ် ဟိုဟာတော့ ဖ ယောက်လား ဖ ယောက်လို့ထင်တယ် ကျမမှတ်မိသလောက်မှာတော့လေ ဖ ယောက်




ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူများအား ဆေးကုသပေးရာတွင် ဆရာဝန်များကို ကူညီပေးနေပြီး စစ်ဘေးရှောင် ရပ်ရွာလူထုအား ပညာရေးကဏ္ဍတွင် ကူညီဆောင်ရွက် ပေးလျက်ရှိသည့် စစ်ဘေးရှောင် ပြည်သူ တစ်ဦး

ဤလေကြောင်းတိုက်ခိုက်မှုများအား မျက်မြင်တွေ့ကြုံရခြင်း သို့မဟုတ် ကိုယ်တိုင်ခံစား တွေ့ကြုံရ ခြင်းများကြောင့် ဖြစ်ပေါ်လာသော စိတ်ဒဏ်ရာများသည် ကလေးများအပေါ် ရေရှည်စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်စေနိုင်သည့် သက်ရောက်မှုများရှိသည်။ ဖြေဆိုသူအများစုသည် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ စာသင်ကျောင်းများတွင် စာသင်ကြားနေရသော ကလေးများနှင့် ၎င်းတို့၏ မိသားစုဝင်များ ခံစားရသော စိတ်ဒဏ်ရာနှင့် မလုံခြုံမှုကို သတိပြုမိကြောင်း ဖြေကြားထားသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုများနှင့် တိုက်ပွဲများကြောင့် စာသင်ကျောင်းများ အဆက်မပြတ် ရွှေ့ပြောင်းရခြင်းကြောင့် ကျောင်းများ ပုံမှန်ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် ပညာရေး ဆိုင်ရာ ဆုတ်ယုတ် ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ လေကြောင်းတိုက်ခိုက်မှုများသည် ကလေးများအား ဘေးကင်း လုံခြုံသော ပတ်ဝန်းကျင်တွင် ဆက်လက်ပညာသင်ကြားရန် အဓိက စိန်ခေါ်မှုများထဲမှတစ်ခု ဖြစ်လာသည်။ အကျိုးဆက်အနေဖြင့် ကလေးမိဘများ၊ မိသားစုဝင်များမှ ၎င်းတို့၏ ကလေးများကို ကျောင်းသို့မပို့ခြင်း သို့မဟုတ် ကျောင်းသားများ ကျောင်းမှထွက်ခြင်း တို့ ဖြစ်ပေါ်လျက်ရှိသည်။

[26] Myanmar Witness. (2024, Jul 20). *Schools caught in the crossfire*. Retrieved from: https://www.info-res.org/myanmar-witness/reports/schools-caught-in-the-crossfire/
[27] BBC. (2022, Sep 20). *Children killed after Myanmar army helicopters fire at school*. https://www.bbc.com/news/world-asia-62967014
[28] UNICEF. (2024, Feb 07). *Statement on the deaths of children in air attacks on schools in eastern Myanmar*. Retrieved from: https://www.unicef.org/eap/press-releases/statement-air-strike-two-schools-myanmar

ချင်းပြည်နယ်မှ ဖြေဆိုသူတစ်ဦးမှ  လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပေါ်ပြီး အကြိမ်တိုင်းတွင် ကလေး  မိဘများအား ၎င်းတို့၏ ကလေးများကို ကျောင်းပြန်ပို့ရန် စည်းရုံးရသည်မှာ ခက်ခဲကြောင်း မှတ်ချက် ပြုသည်။ ကလေးအများစု၏ ပညာရေးခရီးတွင် ဤကဲ့သို့သော သိသာထင်ရှားသော အတားအဆီး များသည် ၎င်းတို့အား ပညာရေးပန်းတိုင် အဆုံးထိရောက်ရှိမှုနှုန်း ကျဆင်းသွားစေပြီး ရေရှည်တွင် ကျောင်းထွက် နှုန်း ပိုမိုမြင့်မားစေပါသည်။

> ကလေးတွေရောမိဘတွေရော **စိတ်ဒဏ်ရာတွေရကုန်ပြီ**
> အဲ့လိုမျိုး တချို့မိဘတွေဆို ကျောင်းတောင်မတက်ခိုင်းချင်တော့ဘူး
> အဲ့လိုမျိုးရှိတယ် တချို့ကလေးတွေကျတော့လည်း ဒီနားမှာတက်မယ်ဆို ငါတို့မတက်တော့ဘူး



ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုမှ အသက်ရှင်ကျန်ရစ်သူ

## ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ

အလားတူပင် မြန်မာစစ်အုပ်စုသည် အာဏာရှင်စနစ်ကို ခုခံတော်လှန်နေကြသည့် အရပ်သားများကို ခြိမ်းခြောက်ရန်နှင့် ဖိနှိပ်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ မြန်မာစစ်အုပ်စု၏ အကြမ်းဖက်မှုကြောင့် ဆေးရုံနှင့် ဆေးခန်း စုစုပေါင်း ၃၄၃ ခန်း ပျက်စီးဆုံးရှုံးခဲ့ရပြီး ကျန်းမာရေးဝန်ထမ်း ၁၀၄ ဦး သေဆုံးခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ မှတ်တမ်းတင်ထားသည်။[29] ထို့အပြင် ဖြေဆိုသူများမှလည်း ၎င်းတို့၏ သက်ဆိုင်ရာဒေသများရှိ ကျန်းမာရေး စောင့်ရှောက်မှုပေးသည့် အဆောက်အအုံများ အရေအတွက် (၁) ခုမှ (၁၀) ခု ကြားထိ လေကြောင်းတိုက်ခိုက်မှုကြောင့် ဖျက်ဆီးခံခဲ့ရကြောင်း တင်ပြထားသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း ကိရိယာများရရှိမှုမှာ ယခင်ကတည်းက အကန့်အသတ်များနှင့် ရှိနေပြီး လေကြောင်းတိုက်ခိုက်မှုများကြောင့် အနည်းငယ် ကျန်ရှိနေသည့် ပစ္စည်းများကိုပါ ဆုံးရှုံးနေရသည့် အနေအထားဖြစ်သည်။ ချင်းပြည်နယ်နှင့် ကရင်နီပြည်နယ်မှ ဖြေဆိုသူနှစ်ဦးမှ တိုက်ပွဲများနှင့် လမ်းပန်းဆက်သွယ်ရေး စိန်ခေါ်မှုများကြောင့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများ ဝယ်ယူရန် သို့မဟုတ် တင်သွင်းရန် အလွန်ခက်ခဲကြောင်း မှတ်ချက်ပြုထားသည်။ ဤသည်မှာ မရှိမဖြစ်လိုအပ်သော ဆေးဘက်ဆိုင်ရာ  ထောက်ပံ့ရေးပစ္စည်းများကို လေကြောင်းတိုက်ခိုက်မှုများမှတဆင့် ဖျက်ဆီးခံရမည်ကို  ကျန်းမာရေးဝန်ဆောင်မှု ပေးသူများအတွက် ပို၍ပင် စိုးရိမ်ပူပန်မှုများ တိုးပွား လာစေသည်။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖျက်ဆီးခံရခြင်းသည် ဆေးလုပ်သားများမှ ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် အခက်အခဲများ ဖြစ်ပေါ်စေပြီး အရပ်သားများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန် ကြီးမားသော စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသည်။

> **အခုက** ကျတော့ တစ်ချို့ရွာတွေမှာဆိုရင် လေကြောင်းတိုက်ခိုက်မှုက လုံးဝ ခန့်မှန်းလို့ မရတော့တဲ့ အချိန်မှာ ကျန်းမာရေး ဝန်ထမ်းတွေက မလုပ်ရဲလာတော့ဘူး၊ ရွာမှာ အထိုင်ဆေးခန်း မထိုင်ရဲတာမျိုးဖြစ်တော့ ဆေးခန်းတွေ ဖွင့်ရခက်လာတယ်၊ ဆေခန်းဆိုတာမျိုးကလည်း ကျွန်မတို့ ရွာမှာဆိုရင်တော့ အဆောက်အဦး ခိုင်ခိုင်မာမာပဲ ဖွင့်ကြတာကိုး အဲ့တော့ အခက်အခဲတွေ ဖြစ်လာတယ်ပေါ့နော်။ နောက်တစ်ချက်က ကျန်းမာရေး လုပ်သား ဆုံးရှုံးလာတယ်ပေါ့၊ မလုပ်ရဲတော့ နားသွားတာတွေ အများကြီးရှိလာတယ်။



လေကြောင်းတိုက်ခိုက်မှု မှ အသက်ရှင် ကျန်ရစ်သည့်ချင်းပြည်နယ်မှ
လူထု အာဏာဖီဆန်ရေး လှုပ်ရှားမှု ပြုလုပ်ထားသည့် ဆရာမတစ်ဦး

[29] The Irrawaddy. (2024, May 08). ‘Apocalypse’: *Myanmar Doctor Describes Deadly Junta Airstrike on Mindat Hospital.* Retrieved from: https://www.irrawaddy.com/news/burma/apocalypse-myanmar-doctor-describes-deadly-junta-airstrike-on-mindat-hospital.html#google_vignette

တုံ့ပြန်ဖြေကြားချက်များအရ ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးဝါးများ ပြန်လည် ဝယ်ယူခြင်း နှင့် ကျန်းမာရေးစောင့်ရှောက်ရေးဌာနများကို ပြန်လည်တည်ဆောက် ခြင်းများကို ဆောင်ရွက်ရသည့် အတွက် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မပေးနိုင်ဘဲ ရပ်တန့်ထားရသည်မှာ တစ်ပတ်မှ ခြောက်လအထိ ကြာရှည်တတ်ကြောင်း သိရသည်။ ငွေကြေးဆိုင်ရာ ကန့်သတ်ချက်များ လည်းပါဝင်သဖြင့် ကျန်းမာရေး စောင့်ရှောက် ဝန်ဆောင်မှုများကို အချိန်တိုအတွင်း ပြန်လည်တည်ဆောက်ရန် ခက်ခဲသည်။ လေကြောင်းတိုက်ခိုက်မှုများကြားမှ ဆေးကုသမှုပေးရန် ကြိုးပမ်းရသည့်အတွက် ကျန်းမာရေးဝန်ထမ်းများအတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများသည် ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် ၎င်းတို့၏ ဝန်ဆောင်မှုများကို ဆက်လက်ထမ်းဆောင်ရန် စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်လာသည်။ အရပ်သား များကို မြန်မာစစ်အုပ်စု၏ အရပ်ဘက် စစ်ဘက် ပစ်မှတ် ခွဲခြားမှုမရှိဘဲ ပစ်မှတ်ထား နေခြင်းသည် လူနာများနှင့် ကျန်းမာရေးဝန်ထမ်း နှစ်ဖက်လုံး ဆေးဝါးကုသမှုများ လုံခြုံစွာ လက်ခံခြင်းနှင့် ပံ့ပိုးပေး နိုင်မှုများအတွက် အခက်ခဲဖြစ်စေသည်။ ကျန်းမာရေးဝန်ထမ်းများသည် လေကြောင်းတိုက်ခိုက်မှုများကို ရှောင်ရှားရန်အတွက် ဝေးလံခေါင်သီသောဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှု ပေးရန် ကြိုးစားကြသော်လည်း အဆိုပါ ဝေးလံသော ကျန်းမာရေး စောင့်ရှောက်မှုဌာနများသို့ အရပ်သားများ သွားရောက်ဆေးကုသမှု ခံယူရန်မှာလည်း စိန်ခေါ်မှုတရပ် ဖြစ်လာကြောင်း ဖြေဆိုသူများမှ မှတ်ချက်ပြုခဲ့သည်။ အချို့သော အခြေအနေမျိုးတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ၎င်းတို့ တွေ့ကြုံရသော စိတ်ပိုင်းဆိုင်ရာဒုက္ခများအား ပြန်လည်ကုသနိုင်ရန် အတွက် ကျန်းမာရေး ဝန်ထမ်းများသည် ၎င်းတို့၏ဝန်ဆောင်မှုများကို ရပ်နားထားရသည့် အခြေအနေများလည်း ရှိသည်။

**ကျန်းမာရေး** စောင့်ရှောက်မှု ခံယူမယ့် လူတွေ လာတဲ့ နေရာ ကို ဆိုတော့ ဥပမာ ဆေးခန်း လာပြတာ ဆယ်ယောက်လည်း ဖြစ်ရင်ဖြစ်မယ် ၁၅ယောက်လည်း ဖြစ်မယ် မတူညီတဲ့ ကျေးရွာတွေ ပေါ့နော် ဒီ ကျန်းမာရေး မကောင်းတဲ့ လူတွေ လာတဲ့ အခါကြတော့ လူစုလူဝေး ပေါ့နော် အဲ့လို သဘောဖြစ်တဲ့ အခါ ကျတော့ ဒီလို လူ ၄ ၅ ယောက် ရှိပြီဆိုပြည်သူတွက လုံခြုံမှု မခံစားရဘူး ပေါ့နော် ဆိုတော့ ဆေးခန်း သွားရင်လည်း သူတို့မှာ စိတ်မလုံခြုံမှု ပေါ့နော်



လေကြောင်းတိုက်ခိုက်မှု မှ အသက်ရှင် ကျန်ရစ်သည့်ချင်းပြည်နယ်မှ လူထု အာဏာဖီဆန်ရေး ပ်ရှားမှု ပြုလုပ်ထားသည့် ဆရာမတစ်ဦး

## တွေ့ရှိချက်များမှ အဆိုပြုချက် အကြံပြုချက်များ

### နိုင်ငံများ၏ တာဝန် ဝတ္တရားများ

**နိုင်ငံတကာအစိုးရများသည်** နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လေကြောင်းလောင်စာဆီ တင်ပို့ခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းအပေါ် ချက်ခြင်းအရေးယူပိတ်ဆို့မှုများ ချမှတ်ရမည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ (UNHRC) သည် ၂၀၂၄ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆုံးဖြတ်ချက် တရပ်ကို အတည်ပြုခဲ့ပြီး ကုလအဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံအပေါ် လေယာဉ်ဆီ တင်ပို့ခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) လွှဲပြောင်းနေခြင်းများကို ဆက်ပြီး မပြုလုပ်တော့ရန် တိုက်တွန်း တောင်းဆိုထားသည်။ ထို့ကြောင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် အမေရိကန်၊ ယူကေ၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပ သမဂ္ဂ (EU)၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံ အနေဖြင့် မြန်မာစစ်အုပ်စုကို လေယာဉ်ဆီ ရရှိစေရန် ထောက်ပံ့ပေးနေမှုများကို ရပ်တန့်ရန် လိုက်နာရမည့် တာဝန် ဝတ္တရား ရှိသည်။

အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကြားမှ မြန်မာနိုင်ငံသို့ လေကြောင်းလောင်စာဆီများ ရောက်ရှိစေရန် ပံ့ပိုးပေးနေသည့် ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ၊ အစိုးရများနှင့် အဖွဲ့အစည်းများအပေါ် ခြေရာခံပြီး ပိတ်ဆို့အရေးယူရန် **နိုင်ငံတကာ စောင့်ကြည့်ရေး စနစ်များနှင့် ယန္တရားများကို စတင်ပြုလုပ်ရန်လိုအပ်သည်။** အဘယ်ကြောင့်ဆိုသော် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ နောက်ဆုံး အစီရင်ခံစာတွင် စစ်အုပ်စုအား ပိတ်ဆို့အရေးယူမှုများကို ရှောင်ရှား၍ ကြားခံ ပွဲစား အဖွဲ့များ၏ အကူအညီဖြင့် အနည်းဆုံး လေယာဉ်ဆီ သင်္ဘော ခုနစ်စီးဖြင့် စစ်အုပ်စုထံ နိုင်ငံတကာမှ လေယာဉ်ဆီများ တင်ပို့ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ပိတ်ဆို့မှုများကြားမှ မြန်မာနိုင်ငံသို့ လေယာဉ်ဆီ ဆက်လက် ထောက်ပံ့နေသော နိုင်ငံတကာ အစိုးရ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်း အားလုံးကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ ခြေရာခံစောင့်ကြည့် စုံစမ်းစစ်ဆေးမှုများကို အရှိန်မြှင့် လုပ်ဆောင်ရန် လိုအပ်သည်။

မြန်မာစစ်အုပ်စု၏ အရပ်သားများအပေါ် အတားအဆီးမရှိဘဲ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေခြင်းကို ရပ်တန့်ရန်အတွက် **ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်** မည်သည့် လူပုဂ္ဂိုလ်၊ လုပ်ငန်း (သို့မဟုတ်) အဖွဲ့အစည်းကိုမဆို ချမှတ်ထားသော ပိတ်ဆို့မှုများကို ထိထိရောက်ရောက် ကျင့်သုံးကာ ကြပ်ကြပ်မတ်မတ် လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထပ်မံ၍ မြန်မာစစ်အုပ်စုထံ လေယာဉ်ဆီရရှိမှုကို တားမြစ်ပိတ်ပင်နိုင်မည့် အရေးယူမှု သို့မဟုတ် မူဝါဒ အပြောင်းအလဲများကို အကျိုးသက်ရောက် လွှမ်းမိုးမှုရှိစေရန်အတွက် ယခင် ချမှတ်ထားပြီးသော ပိတ်ဆို့အရေးယူမှုများကို ထိရောက်စွာ အရေးယူရန်နှင့် မြန်မာစစ်အုပ်စု လေယာဉ်ဆီ ရရှိနေခြင်းကို ဟန့်တားနိုင်မှု သေချာစေရန် လွန်စွာအရေးကြီးသည်။

**ဥရောပသမဂ္ဂ အစိုးရများ** အထူးသဖြင့် ပြင်သစ်၊ ဂျာမနီ၊ စပိန်နှင့် နယ်သာလန် အစိုးရများအနေဖြင့် မိမိတို့ လုပ်ပိုင်ခွင့်အာဏာကို အသုံးပြု၍ Airbus သည် စစ်အုပ်စုနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသော AviChina နှင့် ပူးတွဲလုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းများကို ရပ်တန့်စေခြင်းဖြင့် Airbus လိုက်နာရမည့် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိစေရေးကို တွန်းပို့ လုပ်ဆောင်ရမည်။ အကယ်၍ AVIC မှ စစ်အုပ်စုအား ဂျက်တိုက်လေယာဉ်များ၊ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းရောင်းချခြင်းလုပ်ငန်းအား ဆက်လက်လုပ်ဆောင်နေပါက Airbus ကုမ္ပဏီအနေဖြင့် AVIC မှ နှုတ်ထွက်ရမည်ဖြစ်ပါသည်။

**အမေရိကန်၊ ဥရောပသမဂ္ဂနှင့် အာဆီယံ အစိုးရများအနေဖြင့်** မြန်မာစစ်အုပ်စု လေယာဉ်ဆီ ရရှိနေမှုကို ပိတ်ဆို့ အရေးယူနိုင်ရန် အတွက် အရပ်ဘက် အဖွဲ့အစည်းများ၊ စုံစမ်းစစ်ဆေးရေး သုတေသန အဖွဲ့အစည်းများ၊ လူ့အခွင့်အရေး လှုံ့ဆော်သူများနှင့်အတူ ပူးပေါင်း၍ လေယာဉ်ဆီ သယ်ယူပို့ဆောင်ရေး သင်္ဘောလမ်းကြောင်းများနှင့် သိုလှောင်ရုံများကို စောင့်ကြည့်မှုများ လက်တွဲပူးပေါင်းလုပ်ဆောင် ရမည်။ သုံးစွဲသူ အတည်ပြုအသိအမှတ်ပြုလက်မှတ် (End-user Certification) စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းအတွက် (အန္တရာယ်ထိခိုက်မှုများ မရှိစေရန် စုံစမ်းစစ်ဆေး၊ လေ့လာဆန်းစစ်၊ အကဲဖြတ် လုပ်ငန်းစဉ်) များကို ချမှတ်ဆောင်ရွက်ရမည်။

ဤစောင့်ကြည့်မှုများတွင် တရုတ်အလံတင်သင်္ဘော HUITONG 78၊ ရေနံသိုလှောင်ရေး ဆိပ်ကမ်းလုပ်ကိုင်သည့် ဗီယက်နမ်ကုမ္ပဏီ Hai Linh၊ တရုတ်အစိုးရပိုင် CNOOC လုပ်ငန်း (စင်ကာပူ) နှင့် စင်္ကာပူ အခြေစိုက် Sahara Energy ကုမ္ပဏီ စသည့် ဖော်ပြပါ ကုမ္ပဏီများအပြင် ပါဝင်နေသော အလားတူနိုင်ငံတကာ ကုမ္ပဏီများကိုလည်း အရေးယူရမည်ဖြစ်သည်။

## ကော်ပိုရိတ်များမှ တာဝန်ယူရမည့် တာဝန်ခံမှုများ

- **နိုင်ငံတကာ ကုမ္ပဏီများ** သည် မြန်မာနိုင်ငံအတွက် လေယာဉ်ဆီ တင်ပို့ခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) သယ်ယူပို့ဆောင်ခြင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ကိုင်နေသော လုပ်ငန်း အားလုံးကို ချက်ချင်း ရပ်ဆိုင်းရမည်။ ပြည်တွင်းသို့ လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးရေး တွင် အဓိက ကျကျ ပါဝင်နေပြီး စစ်အုပ်စု ထိန်းချုပ်ထားသော မြန်မာ့ ရေနံဓါတု လုပ်ငန်း (MPE)နှင့် ဆက်ဆံရေး အားလုံးကို ချက်ချင်း ရပ်ဆိုင်းပေးရန် တာဝန်ရှိသည်။

- လေယာဉ်ဆီ ပို့ဆောင်မှုအတွက် အရေးကြီးသော အာမခံပေးသည့် အာမခံ ကုမ္ပဏီများနှင့် အခြားသက်ဆိုင်ရာ နိုင်ငံတကာ နှင့် ပြည်တွင်း စီးပွားရေး လုပ်ငန်းများ၊ အဖွဲ့အစည်းများသည်လည်း မြန်မာနိုင်ငံသို့ လေယာဉ်ဆီ တင်သွင်းခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) သယ်ယူပို့ဆောင်ခြင်းများကို ရပ်တန့်ရန် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများအား **လိုက်နာကျင့်သုံး ဆောင်ရွက်ရန် သေချာစီစစ်ရမည်။**

- **AVIC ၏ Airbus နည်းပညာကို အသုံးပြုခွင့် ရရှိမှုနှင့် ဆက်စပ်သည့် အန္တရာယ်ကြောင့်** Airbus နည်းပညာများကို မြန်မာစစ်အုပ်စု၏ အလားအလာရှိသော စစ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးချမှု မရှိစေရေး သေချာစေရန် Airbus နည်းပညာနှင့် ထုတ်ကုန်များ၏ နောက်ဆုံး အသုံးပြုမှု (သုံးစွဲသူ) ကို စုံစမ်းစစ်ဆေးရန် ဥရောပ အာကာသဆိုင်ရာ လေကြောင်း ကော်ပိုရေးရှင်း (Airbus SE) ကို အကြံပြု တိုက်တွန်းသည်။

- မြန်မာစစ်အုပ်စုထံ စစ်လေယာဉ်များ၊ စစ်လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ လက်ရှိရောင်းချနေမှုနှင့် ရောင်းချရန်စီစဉ်ထားမှုအားလုံးကို ရပ်တန့်စေရန်၊ မြန်မာ့လေတပ်၏ လေယာဉ်များအတွက် လက်ရှိပေးအပ်လျက်ရှိသည့် (သို့မဟုတ်) ပေးအပ်ရန်ကတိပြု ထားသည့် ပြုပြင်ထိန်းသိမ်းရေး၊ လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာအကူအညီအားလုံးကို **AIVC နှင့် ၎င်း၏ကုမ္ပဏီခွဲများအပေါ် Airbus ၏ ဩဇာလွှမ်းမိုးမှုကို အသုံးပြုကာ ရပ်တန့်စေရန်။**

## နိဂုံး

**မြန်မာနိုင်ငံတွင်** အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ချိန်မှစ၍ စစ်အုပ်စု၏ အရပ်ဘက် စစ်ဘက် ပစ်မှတ်မခွဲခြားဘဲ ရည်ရွယ်ချက်ရှိရှိ ဖြင့် အဆင်အခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူလူထုအနေဖြင့် လူမှုဝန်ဆောင်မှုများကို လက်လှမ်းမီမှုနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အခွင့်အလမ်းများ ရရှိမှုအပေါ် အလွန်ဆိုးရွားသောရိုက်ခတ်မှုများ ဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်းတရပ် ဖြစ်လာသည်။ ACLED (၂၀၂၄) အရ စစ်အုပ်စုမှ ၂၀၂၂ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ချိန်မှစ၍ လေကြောင်းတိုက်ခိုက်မှုများသည် နှစ်စဉ် တိုးမြင့်လာလျက်ရှိသည်။[30] ထို့ကြောင့် ဤစာတမ်းသည် မြန်မာစစ်အုပ်စု၏ စစ်ဘက် အရပ်ဘက် ပစ်မှတ်မခွဲခြားဘဲ အဆင်အခြင်မဲ့ လေကြောင်း တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံရှိ အရပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးခဲ့ရသည့် မြေပြင်ရှိ လက်တွေ့ဖြစ်ရပ်မှန်များကို လေ့လာအကဲဖြတ်ရန် ရည်ရွယ်သည်။

စာတမ်းပါ တွေ့ရှိချက်များအနေဖြင့် မြန်မာစစ်အုပ်စုသည် ပြည်သူများအား စားနပ်ရိက္ခာရှားပါးမှု၊ အကန့်အသတ် ရှိသော လူမှုဝန်ဆောင်မှုများ၊ စားဝတ်နေရေး အကြပ်အတည်းများနှင့် ပဋိပက္ခဒေသအတွင်းရှိ ပြည်သူများအား အလုပ်အကိုင် အခွင့်လမ်းများ မရရှိစေရေး စသည့် အခက်အခဲ များကို တွေ့ကြုံရင်ဆိုင်စေရန် ဖန်တီးလျက်ရှိသည်။ ယင်းအပြင် ကလေးသူငယ်များအပါအဝင် ပြည်သူများ၏ အသက်အိုးအိမ်များကို အရင်းအနှီး လုပ်၍ မြန်မာစစ်အုပ်စုသည် အရပ်သားပြည်သူများ၏ ခုခံတော်လှန်မှုကို ဖိနှိပ်ရန်အတွက် ၎င်း၏ရှိရှိသမျှ နည်းလမ်းများကို အသုံးပြုလျက်ရှိသည်။ ထို့ကြောင့် မြန်မာပြည်သူများအပေါ် လေကြောင်းတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လျက်ရှိသည့် ဆိုးရွားပြင်းထန်သော အကျိုးသက်ရောက်မှုများကို အလေးအနက် ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ ပြည်သူ့ဝန်ဆောင်မှုများ မရရှိခြင်းသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ပိုမိုဆိုးရွားစေသည်မှာ သိသာထင်ရှားသည်။

စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ လယ်ယာမြေနှင့် လူနေအိမ်များ အမြောက်အများ ပျက်စီးစေခဲ့ပြီး ယင်းသည် ကြီးမားသော အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော ပဋိပက္ခဒဏ်ခံဒေသများရှိ ပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ပို၍တိုးလာစေသည်။ ထို့ကြောင့် လေကြောင်းတိုက်ခိုက်မှုနှင့် တိုက်လေယာဉ်များ အဆက်မပြတ် ပျံသန်း နေခြင်းသည် အရပ်သားပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာကို ဆိုးရွားစွာ ပျက်စီးစေရုံသာမက မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းများအတွက် အခြေခံ ရပိုင်ခွင့်ဖြစ်သော လူမှုဝန်ဆောင်မှုများ လက်လှမ်းမီမှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ရရှိမှုအပေါ်တွင် ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေခဲ့သည်။ ဤပြဿနာများကို ဖြေရှင်းရာတွင် မြန်မာနိုင်ငံသို့ လေယာဉ်ဆီများ တင်ပို့၊ ရောင်းချ၊ ပို့ဆောင်ခြင်းများကို နိုင်ငံတကာ အစိုးရများမှ ချက်ချင်း ပိတ်ဆို့ အရေးယူမှုများ လိုအပ်သည်။

ဤပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ လေယာဉ်ဆီများ တင်ပို့၊ ရောင်းချ (သို့မဟုတ်) လွှဲပြောင်းမှုများကို နိုင်ငံတကာ အစိုးရ များအနေဖြင့် ချက်ချင်းဒဏ်ခတ် ပိတ်ဆို့အရေးယူရန် လိုအပ်ပါသည်။ ထိရောက်သော စောင့်ကြည့်ရေး ယန္တရားများကို လက်တွေ့ အကောင်အထည်ဖော်ပြီး၊ မြန်မာနိုင်ငံသို့ လေယာဉ်ဆီများ လွှဲပြောင်းပေးပို့ခြင်းများ မပြုလုပ်ရန်နှင့် မြန်မာနိုင်ငံသို့ လေကြောင်းဆီပို့သွင်းမှုများကို ရပ်တန့်ရန် စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့် အတူတကွ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားစေရေး တိုက်တွန်းလှုံ့ဆော်မှုများ လိုအပ်ပါသည်။

[30] ACLED. (2024). *Conflict Data (Myanmar)*. Retrieved from: https://acleddata.com/data-export-tool/